# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 27 July 2023 ၁၁၁၆၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ဆရာတော်ကြီး အမှူးပြုသော ဥပ္ပါတသန္တိစေတီတော်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

## ယနေ့ ဖတ်စရာ

**မိမိတို့နိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပြည်ပဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာဈေးကွက်ကို အမြဲမပြတ် သုတေသနပြုဆောင်ရွက်**

စာမျက်နှာ » ၄



**စစ်ရာဇဝတ်မှုများနှင့် အကြမ်းဖက်မှုများ၏ အန္တရာယ်**

ဆောင်းပါး စာမျက်နှာ » ၆

**နိုင်ငံသားများ၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးနိုင်ရန် မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ**

စာမျက်နှာ » ၈

**ကျန်းမာရေးဝန်ကြီးဌာနက ဆိုင်ကလုန်းမုန်တိုင်း မိုခါ ကျရောက်ခဲ့သော ရခိုင်ပြည်နယ်၌ ကျန်းမာရေးစီမံခန့်ခွဲမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ » ၁၆

ကြေးမုံ

# ရွေးချယ်ပစ်မှတ်ထားသည့်စွပ်စွဲချက်ကို တုံ့ပြန်

မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကုလသမဂ္ဂနှင့် နိုင်ငံအဖွဲ့အစည်းအချို့က စွပ်စွဲပြောဆိုချမှတ်မှုများ မကြာခဏလုပ်ဆောင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးသွတ်သွင်းမှုအရ လုပ်ဆောင်နေမှုများသည် အထူးအဆန်းမဟုတ်တော့သော်လည်း လုပ်ဆောင်မှုမှန်သမျှကို မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာအတွက် တိကျခိုင်မာသည့်အချက်အလက်များဖြင့် ပြန်လည်တုံ့ပြန်ချေပရမည်ဖြစ်သည်။

၂၀၂၂ ခုနှစ်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ နှစ်စဉ်အစီရင်ခံစာတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၇ နိုင်ငံကို ထည့်သွင်းလျက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်အကြမ်းဖက်မှုဆိုင်ရာ နှစ်စဉ်တံခါးဖွင့်ဆွေးနွေးပွဲကို ဇူလိုင်လ ၁၄ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ အစီရင်ခံစာ၏နောက်ဆက်တွဲတွင် တပ်မတော်အား ထပ်မံစာရင်းသွင်းခဲ့သည်ကို စိတ်ပျက်ဖွယ်ရာတွေ့ရှိရပြီး ၎င်းလုပ်ရပ်သည် နိုင်ငံရေးသွတ်သွင်းမှုသက်သက်သာဖြစ်ကြောင်း မြန်မာနိုင်ငံက ရှုမြင်သည်။

၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်သည်ဟူသော စွပ်စွဲချက်များကို အကြောင်းပြု၍ မြန်မာနိုင်ငံကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်အကြမ်းဖက်မှုဆိုင်ရာ နှစ်စဉ်အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းကို ၂၀၁၈ ခုနှစ်မှ စတင်ဖော်ပြခဲ့သည်။ မြန်မာတို့၏ အသိုက်အဝန်းသည် ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအရ မည်သည့်ပုံစံဖြင့်မဆို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို လက်မခံ ဆန့်ကျင်ပြီး တပ်မတော်သားများအနေဖြင့် စည်းမျဉ်း၊ ကျင့်ဝတ်များအား အတိအကျလိုက်နာရသည်ကို အများကသိရှိထားကြသည်။ ပြစ်မှုကျူးလွန်သူကို လုံးဝခွင့်မလွှတ်ရေးမူနှင့်အညီ အမြင့်ဆုံးပြစ်ဒဏ်အထိ အရေးယူအပြစ်ပေးလျက်ရှိသည်။

ကုလသမဂ္ဂ၏ လွတ်လပ်သောကျွမ်းကျင်သူများသည် သက်ဆိုင်ရာအစိုးရက ပေးပို့သော အချက်အလက်များကို ထည့်သွင်းစဉ်းစားရန်နှင့် အချက်အလက်အားလုံးကို အပြန်အလှန်စစ်ဆေးရန် လိုအပ်သော်လည်း အစီရင်ခံစာတွင် သက်ဆိုင်ရာအစိုးရဘက်က ပံ့ပိုးထားသည့်အချက်အလက်များကို တမင်ချန်လှပ်ထားရုံသာမက စွပ်စွဲချက်များကို သက်ဆိုင်ရာနိုင်ငံနှင့် စိစစ်ရန်ပျက်ကွက်ခဲ့သည်။ အစီရင်ခံစာတွင် အစိုးရဆန့်ကျင်သည့် အရင်းအမြစ်များမှ အခြေအမြစ်မရှိသော စွပ်စွဲချက်များကို ထည့်သွင်းထားပြီး စွပ်စွဲထားသည့်ဖြစ်စဉ်များကို စိစစ်နိုင်ရန်အတွက် ဖြစ်စဉ်ဖြစ်ပွားသည့်နေရာ၊ နေ့ရက်၊ အချိန် သို့မဟုတ် သင့်လျော်သည့် အချက်အလက်များ မပါဝင်သည်ကို တွေ့ရှိရသည်။ အစီရင်ခံစာတွင် တိုင်ကြားမှုများ လက်ခံရရှိခြင်းမရှိကြောင်း ဝန်ခံထားသော်လည်း မှန်းဆချက်များကို အခြေခံ၍ “သတင်းပေးပို့မှု လျော့နည်းခြင်းဖြစ်သည်” ဟု ကောက်ချက်ချထားသည်။

စိတ်မကောင်းဖွယ်ရာ ယင်းကဲ့သို့ဖြစ်စဉ်များ အစောပိုင်းက ပျံ့နှံ့ဖြစ်ပွားခဲ့ပြီး စစ်တွေရှိ နေရပ်စွန့်ခွာစခန်းတစ်ခုမှ စခန်းခေါင်းဆောင်တစ်ဦးက အမျိုးသမီးများကို အဓမ္မပြုကျင့်ကြောင်း တိုင်ကြားသူ ခြောက်ဦးက ယခုနှစ်အစောပိုင်းတွင် အမှုဖွင့်တိုင်ကြားထားမှုရှိသည်။ ယင်းအမှုများသည် ၂၀၁၂ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်ကြားတွင် ဖြစ်ပွားခဲ့ကြောင်းသိရသည်။ အလားတူ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် လေးဦးသည် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပဲကတိုးရွာ၌ မိန်းကလေးငယ်လေးဦးအပါအဝင် လူ ခုနစ်ဦးကို အဓမ္မပြုကျင့်သတ်ဖြတ်ခဲ့သော ဖြစ်စဉ်ဖြစ်ခဲ့သည်။ PDF အကြမ်းဖက်သမားများကျူးလွန်သည့် လိင်အကြမ်းဖက်မှုဖြစ်စဉ်များ ပျံ့နှံ့နေသော်လည်း ယင်းကဲ့သို့ အချက်အလက်များ ထည့်သွင်းဖော်ပြရန် ပျက်ကွက်ခဲ့ခြင်းသည် အဆိုပါအစီရင်ခံစာ၏မမျှတမှုကို ပေါ်လွင်စေသည်။

အစီရင်ခံစာတွင် ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ များပြားသောဆောင်ရွက်ချက်များကို ထိမ်ချန်ထားခြင်းသည် မြန်မာနိုင်ငံကို နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် ဖန်တီးခြင်းသဘောသက်ရောက်စေသည်။ မြန်မာနိုင်ငံကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်အကြမ်းဖက်မှုဆိုင်ရာ နှစ်စဉ်အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းမှ ပယ်ဖျက်ရေးအတွက် ပူးတွဲကြေညာချက်ကို မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်၍ အမျိုးသားအဆင့်ကော်မတီကို ဖွဲ့စည်းပြီး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းစီမံချက်နှင့် အကောင်အထည်ဖော်မှုတို့ကို အထူးကိုယ်စားလှယ်ထံသို့ သင့်လျော်ကောင်းမွန်စွာ အသိပေးလျက်ရှိသည်။

သို့ဖြစ်ရာ ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ပတ်သက်၍ သိသာထင်ရှားသောဖြစ်စဉ်များမရှိဘဲ နှစ်စဉ်အစီရင်ခံစာ၏နောက်ဆက်တွဲတွင် မြန်မာနိုင်ငံအား ဆက်လက်ထားရှိခြင်းသည် နိုင်ငံရေးသွတ်သွင်းမှုသက်သက်ဖြစ်ပြီး မြန်မာနိုင်ငံအပေါ် ရွေးချယ်ပစ်မှတ်ထားခြင်းကို လက်မခံဘဲ တိကျခိုင်မာသောအချက်အလက်များဖြင့် တုံ့ပြန်ရမည်ဖြစ်ပါကြောင်း။ ။

## တောင်ငူမြို့ အထက (၅) ၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေးဟောပြော



**တောင်ငူ ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၌ တောင်ငူခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ယမန်နေ့နံနက် ၉ နာရီက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ပြုလုပ်သည်။

ထိုသို့ပြုလုပ်ရာတွင် တောင်ငူခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီရွှေက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို ဟောပြောဆွေးနွေးပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းအောင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာကို ဟောပြောဆွေးနွေးသည်။

အဆိုပါဟောပြောပွဲသို့ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၅၀ ခန့် တက်ရောက်ကြပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများကအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဒဂုံတက္ကသိုလ်၌ ဥပဒေပညာရပ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဒဂုံအရှေ့ ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်းမြို့နယ်) ဒဂုံတက္ကသိုလ်တွင် ဥပဒေပညာရပ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ ဒုတိယပါမောက္ခချုပ် ဒေါက်တာမျိုးမင်းက တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေနှင့် ဥပဒေဆိုင်ရာဗဟုသုတများကို ပဏာမ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)၏ ဥပဒေအကြံပေး၊ မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ၊ မရမ်းကုန်းမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရှေ့နေများအသင်း (မရမ်းကုန်းမြို့နယ်)ဥက္ကဋ္ဌ ဦးခင်ဇော်က “အိမ်ထောင်ရေး ပြဿနာများနှင့် ရာဇဝတ်မှု” ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။



ထို့နောက် ဆရာဦးခင်ဇော်က ဒဂုံတက္ကသိုလ် စာကြည့်တိုက်အတွက် ဥပဒေဆိုင်ရာစာအုပ်များ ပေးအပ်လှူဒါန်းရာ သင်တန်းရေးရာဌာနမှူး ဦးသန်းစိုးဦးက လက်ခံခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ထူးခြားသည့် အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၆။** ။ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဖိလစ်ပိုင်ပင်လယ်ပြင်အနောက်ပိုင်းတွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း “ဒေါ့ဆူရီ” သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဇူလိုင် ၂၈ ရက်တွင် တရုတ်နိုင်ငံအရှေ့တောင်ပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၆-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၃၀၀ | ၆၇ | ၅၅၆,၁၀၀ |
| MTSH | ၂,၉၀၀ | ၂,၈၅၀ | ၆၄၃ | ၁,၈၃၈,၈၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၅ | ၃၇,၀၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၃၄၂ | ၅၃၀,၁၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၀ | ၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၂၀ | ၄၉,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၀၅ | ၅၁၄,၅၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၉,၂၁၁ | ၁၅,၇၀၄,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## နေ့ဆွမ်း ဆက်ကပ်လှူဒါန်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



❂ ရှေ့ဖုံးမှ

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)နှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆက်ကပ်လှူဒါန်း

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အနော်ရထာ ခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အစီအစဉ်အရ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိ စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ စန္ဒနသာရ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်ပြီး တက်ရောက် လာကြသူများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

### အနုမောဒနာတရားနာယူ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသူများက ကျောက်မဲမြို့ သီဟိုဠ် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်ဇနီးနှင့် အခမ်းအနား တက်ရောက် လာကြသည့် တပ်မတော် အရာရှိကြီးများသည် သန်လျင်မင်းကျောင်း ဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ်ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေး အမှတ်စဉ်(၆/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# မိမိတို့နိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပြည်ပဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာဈေးကွက်ကို အမြဲမပြတ်သုတေသနပြု ဆောင်ရွက်

- ❖ **ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ဈေးကွက်သေချာမှုရှိသည့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရန်လို**
- ❖ **မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းသည် ခိုင်မာသည့်ဈေးကွက်ရှိပြီး ကမ္ဘာတစ်ဝန်းလိုအပ်လျက်ရှိသော Food Security ကိုလည်း ထောက်ပံ့ပေးနိုင်သောကြောင့် သေချာသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်**
- ❖ **သေချာသည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့နိုင်ငံ၏စီးပွားရေးမှာ ထပ်မံတိုးတက်နိုင်မည်ဟု ယုံကြည်**

**နေပြည်တော် ဇူလိုင် ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီ အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးရွှေကြိမ်းနှင့် ဦးမောင်ကို၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ချေးငွေများလုံးဝချေးယူခြင်းမရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း၊ ဘဏ္ဍာငွေသုံးစွဲမှုတွင် နိုင်ငံတော်၏ ရငွေပိုင်းနှင့်ပတ်သက်၍ သာမန်ရငွေများ၊ ချေးငွေနှင့် ထောက်ပံ့ငွေများဟူ၍ သုံးပိုင်းရှိကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ပြီးနောက်ပိုင်း ချေးငွေများလုံးဝချေးယူခြင်းမရှိကြောင်း၊ ပြည်ပထောက်ပံ့ငွေအနေဖြင့်လည်း ၂၀၂၂ ခုနှစ်နှောင်းပိုင်းရောက်မှသာ အနည်းငယ်ရရှိခဲ့သဖြင့် အချို့လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

အဆိုပါအချက်များကို ကြည့်ခြင်းအားဖြင့် မိမိတို့နိုင်ငံ၏ ပြည်တွင်းဘဏ္ဍာငွေနှင့် စီးပွားရေးသည် ပြည်တွင်းအင်အားအပေါ်၌သာ လုံးဝတည်မှီလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခင်ကလည်း ပြည်တွင်းအားကို အဓိကထား၍သာ နိုင်ငံ့စီးပွားတိုးတက်ရေးကို ဆောင်ရွက်ခဲ့ကြရကြောင်း၊ ယင်းတွင် ကုန်ထုတ်လုပ်မှုများနှင့် သယံဇာတများ ရောင်းချခြင်းတို့ပါကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် သယံဇာတရောင်းချခြင်းကို အတတ်နိုင်ဆုံးထိန်းထားကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွား တိုးတက်ရေးအတွက် ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**၄ ရာခိုင်နှုန်းခန့်**
**တိုးတက်မည်ဟု မျှော်မှန်း**

နိုင်ငံ့စီးပွားရေးသည်ပြီးခဲ့သည့်ကာလများအတွင်း အထိုက်အလျောက် တိုးတက်မှုရှိခဲ့ပြီး ဆက်လက်၍လည်း တိုးတက်မည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း ၄ ရာခိုင်နှုန်းခန့် တိုးတက်မည်ဟု မျှော်မှန်းထားကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် ကုန်ထုတ်လုပ်မှုများကို အမှန်တကယ်ဆောင်ရွက်နိုင်မည်ဆိုပါက ထပ်မံတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စီးပွားရေးကျဆင်းခဲ့သည့် အခြေအနေမှ ပြန်လည်ရုန်းထွက်ဆောင်ရွက်နိုင်ခဲ့ခြင်းပင် ဖြစ်ကြောင်း။

ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ဈေးကွက်သေချာမှုရှိသည့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ထုတ်ကုန်များ ထုတ်လုပ်ခြင်းသည် ခိုင်မာသည့် ဈေးကွက်ရှိပြီး ကမ္ဘာတစ်ဝန်းလိုအပ်လျက်ရှိသော Food Security ကိုလည်း ထောက်ပံ့ပေးနိုင်သောကြောင့် သေချာသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် သေချာသည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့နိုင်ငံ၏စီးပွားရေးမှာ ထပ်မံတိုးတက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တွေ့ဆုံမှာကြားဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများမှာ အမှန်တကယ်တိုးတက်လာမည်ဖြစ်ကြောင်း။

စိုက်ပျိုးမြေများသုံးစွဲမှုနှင့် ပတ်သက်၍ **စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်နစ်နာမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊** ယင်းပြဿနာကို အစိုးရအဆက်ဆက် ဖြေရှင်းခဲ့ကြသော်လည်း ယခုအချိန်ထိ ရှိနေဆဲဖြစ်ကြောင်း၊ **မြေအသုံးချမှုနှင့်ပတ်သက်၍ မှန်မှန်ကန်ကန် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းဥပဒေများနှင့်အညီ စိစစ်ကြပ်မတ်ထိန်းသိမ်း ဆောင်ရွက်သွားရန်လို**ကြောင်း။

ပြည်တွင်း စားသုံးဆီလိုအပ်ချက်အတွက် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများစွာ သုံးစွဲကုန်ကျလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်း စားသုံးဆီဖူလုံမှုရှိစေရေးအတွက် ဆီထွက်သီးနှံများဖြစ်သည့် ပဲ၊ နှမ်း၊ နေကြာ စိုက်ပျိုးခြင်းများကို အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ဆီစက်များ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို အားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်မှစ၍ စားသုံးဆီဖူလုံမှုရှိရမည်ဖြစ်ကြောင်း၊ အလားတူ စက်သုံးဆီများကိုလည်း ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ စက်သုံးဆီသုံးစွဲမှုများကို လျှော့ချနိုင်ရန်အတွက် လျှပ်စစ်ခတ်အားသုံး အများပြည်သူပို့ဆောင်ရေးစနစ်များ တိုးတက်လာရေးနှင့် ပြည့်ဖြိုးမြဲစွမ်းအင်များမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်စေရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း။

စီးပွားရေးရာ ကော်မတီအနေဖြင့် အစိုးရကိုတာဝန်ခံရမည်ဖြစ်ပြီး အစိုးရအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တာဝန်ခံရမည်ဖြစ်ကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်ကို တာဝန်ခံရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးရာကော်မတီအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆွေးနွေးဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးရာကော်မတီအတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်က ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအား ကွင်းဆင်းဆောင်ရွက်ပေးမှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ရော်ဘာသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ လည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စပါးခွံဓာတ်ငွေ့လောင်စာသုံး လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရေး ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ကုန်သွယ်မှုဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးက စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများကို ဥပဒေပိုင်းဆိုင်ရာနှင့် ပတ်သက်ပြီး သဘောထားမှတ်ချက်များနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

**စာမျက်နှာ ၅ သို့** ○

❍ စာမျက်နှာ ၄ မှ

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှန်အတိုင်း ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ရော်ဘာစိုက်ပျိုးရာမှ ထွက်ရှိလာသည့် ရော်ဘာကုန်ကြမ်းများကို အဆင့်မြှင့်တင်နိုင်မည်ဆိုပါက ဝင်ငွေပိုမိုရရှိမည်ဖြစ်ကြောင်း၊ စပါးခွံဓာတ်ငွေ့လောင်စာသုံး လျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းသည် မိမိတို့နိုင်ငံအနေဖြင့် ဆောင်ရွက်သင့်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လုပ်ငန်းတစ်ခုဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုများ ရှိမှသာ ပို့ကုန်များရရှိမည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုများ မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပြည်ပ ဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာဈေးကွက်ကို အမြဲမပြတ် သုတေသနပြု ဆောင်ရွက်နေရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**ဝင်ငွေနှင့်ထွက်ငွေညီမျှနေရေး**

ထို့နောက် စီးပွားရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများမှ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းလည်ပတ်မှုများ အပြည့်အဝလည်ပတ်နိုင်ရေး စီမံဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် လုပ်ငန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုအတွက် အထောက်အကူပြုသည့် လုပ်ငန်းများဖြစ်သဖြင့် လုပ်ငန်းများအားလုံး ဝင်ငွေနှင့်ထွက်ငွေ ညီမျှနေရေး စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နေရန်လိုကြောင်း။

အသစ်ထုတ်ပြန်လိုက်သည့်နှစ်သောင်းတန်ငွေစက္ကူ ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ အကန့်အသတ်ဖြင့်သာထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ဘဏ္ဍာငွေ လိုအပ်ချက်မရှိသကဲ့သို့ နိုင်ငံအတွင်း လည်ပတ်သုံးစွဲငွေများ မျှတစွာဖြင့် ရှိနေကြောင်း၊ အဆိုပါနှစ်သောင်းတန် ထုတ်လုပ်ခြင်းသည် အထိမ်းအမှတ်အဖြစ် ထုတ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံအတွင်း ငွေကြေးလည်ပတ်မှုအနေဖြင့် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ပြီး ဘဏ်များ၌ ငွေကြေးအပ်နှံမှုများ များစွာရှိကြောင်း၊ ယခုကဲ့သို့ နှစ်သောင်းတန်ငွေစက္ကူထုတ်ခဲ့ခြင်းကြောင့် ငွေကြေးဖောင်းပွမှု လုံးဝဖြစ်ပေါ်စေမည်မဟုတ်ကြောင်း၊ စီးပွားရေးအရ ကမောက်ကမ ဖြစ်စေရန်အတွက် နိုင်ငံရေးအရ တိုက်ခိုက်မှုသာဖြစ်ကြောင်း၊ အစိုးရ၏ စီးပွားရေးလုပ်ငန်းများသည် အမြတ်အစွန်းထက် တိုင်းပြည်ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေရန် ဖြစ်ကြောင်း၊ အရှုံးပေါ်နေခြင်းလည်း မဖြစ်သင့်ကြောင်း၊ မိမိတို့ စီးပွားရေးရာကော်မတီသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အရေးကြီးသည့်ကဏ္ဍတွင် ရှိပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အာရုံစိုက်ဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းပြည်အကျိုးကိုကြည့်၍ ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ည ၇ နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တရုတ်နိုင်ငံ ယူနန်ပြည်နယ် တဲဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရအုပ်ချုပ်ရေးမှူး Mr. Wei Gang အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တဲဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရအုပ်ချုပ်ရေးမှူး Mr. Wei Gang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**



တွေ့ဆုံစဉ် တဲဟုန်ပြည်နယ် မြို့တော်မန်စီနှင့် မန္တလေးခရီးစဉ်ကို Ruili Airline က တစ်ပတ်လေးကြိမ်ပြေးဆွဲမှု၊ မြန်မာအမျိုးသားလေကြောင်းက ရန်ကုန်- မန္တလေး- မန်စီ- မန္တလေး- ရန်ကုန်ခရီးစဉ်ကို တစ်ပတ်သုံးကြိမ် ပြေးဆွဲမှုများအပြင် အလားအလာရှိသောမြို့များသို့ ခရီးသည်နှင့် ကုန်တင်လေယာဉ်များ ပိုမိုတိုးချဲ့ပြေးဆွဲရေး၊ တရုတ်နိုင်ငံ၏ အမြန်ရထားလမ်းကွန်ရက်သည် ၂၀၂၇ ခုနှစ်တွင် ရွှေလီမြို့အထိ တည်ဆောက်ပြီးစီးမည်ဖြစ်ရာ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေးအတွက် မြန်မာနိုင်ငံ၏ ရထားလမ်းကွန်ရက်နှင့် ချိတ်ဆက်ရေး၊ နယ်စပ်ဖြတ်ကျော် ပို့ဆောင်မှုများ လွယ်ကူချောမွေ့စေရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးနှင့် တရုတ်နိုင်ငံ ထွက်ကုန်များကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ဖြတ်သန်းပို့ဆောင်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနအကြီးအကဲများ၊ တရုတ်နိုင်ငံဘက်မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ရန် ရန်ကုန်မြို့မှထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၆**

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ရန် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

ကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်းနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါခရီးစဉ်အတွင်း တရုတ်နိုင်ငံ ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်မူဝါဒ၊ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း၊ တရုတ်နိုင်ငံ ပါတီတည်ထောင်ခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ရွေးကောက်ပွဲကျင်းပပုံနည်းလမ်းများကို အမြင်ချင်းဖလှယ် ဆွေးနွေးသွားကြရန်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်တို့ တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ်နှင့်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်နှင့် တရားလွှတ်တော် တရားသူကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**



မွန်းလွဲပိုင်းတွင် ဧည့်သည်တော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးများ၊ တရားရေးအရာရှိများသည် တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံကြပြီး တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ရာဇဝတ်မှုများနှင့် အကြမ်းဖက်မှုများ၏အန္တရာယ်

**မင်းခန့်ကျော်(ဥပဒေ)**

ယနေ့ကာလတွင် တပ်မတော်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့သည် စစ်ရာဇဝတ်မှုများ (War Crimes)ကျူးလွန်နေသည့် လက်နက်ကိုင်သောင်းကျန်းသူများနှင့် အကြမ်းဖက်မှုများကျူးလွန်နေသည့် အကြမ်းဖက်သမားများ၏ အန္တရာယ်နှင့် ရင်ဆိုင်နေရပါသည်။ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လက်နက်ကိုင်သောင်းကျန်းမှုကို နှိမ်နင်းသည့်စစ်ဆင်ရေးများ ဆောင်ရွက်နေရသလို အကြမ်းဖက်မှုတိုက်ဖျက်သည့် စစ်ဆင်ရေးများကိုလည်း ဆောင်ရွက်နေရပါသည်။ တပ်မတော်သားများသည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေဟု ယနေ့ခေတ်တွင် ခေါ်ဆိုနေကြသည့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေများကို လေ့လာဆည်းပူးထားသည့် အားလျော်စွာ လက်နက်ကိုင်ပဋိပက္ခ အသွင်သဏ္ဌာန်ရှိသည့် သောင်းကျန်းမှုနှိမ်နင်းရေး စစ်ဆင်မှုများကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိပါသည်။ အရပ်သားများနှင့် အရပ်ဘက်ဆိုင်ရာများမဟုတ်သည့် စစ်ရေးရည်မှန်းချက်များနှင့် အကြမ်းဖက်သမားကိုသာ အဓိကထား တိုက်ခိုက်လျက်ရှိပါသည်။

### စစ်ရာဇဝတ်မှု၏ အင်္ဂါရပ်များ

သို့ရာတွင်အချို့သော သောင်းကျန်းသူများသည် ခုခံတိုက်ခိုက်ခြင်းမရှိသည့် မြို့ရွာများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ ပြည်သူလူထုက ပေးဆောင်ထားသည့် အခွန်ဘဏ္ဍာများဖြင့် တည်ဆောက်ထားပြီး ပြည်သူလူထုက အဓိကထား အသုံးပြုသည့် လမ်းတံတားများ ဖျက်ဆီးခြင်းတို့ကို လုပ်ဆောင်လျက်ရှိပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် စစ်ရာဇဝတ်မှုကို ကျူးလွန်ရာရောက်ပါသည်။ စစ်ရာဇဝတ်မှုကို နိုင်ငံတကာရာဇဝတ်တရားရုံးဥပဒေတွင် ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဆိုင်ရာ စစ်ရာဇဝတ်မှု၏ အင်္ဂါရပ်များအနက်မှ အဓိကကျသည့်အချက်များကို ကောက်နုတ်တင်ပြသွားပါမည်။

ဂျီနီဗာကွန်ဗင်းရှင်းများကို ကြီးလေးစွာ ချိုးဖောက်ခြင်းတွင်ပါဝင်သည့် အကြောင်းမဲ့သတ်ဖြတ်ခြင်း၊ စစ်ရေးလိုအပ်ချက်အတွက်မဟုတ်ဘဲ ကြီးမားကျယ်ပြန့်စွာဖျက်ဆီးခြင်းနှင့် ပစ္စည်းဥစ္စာများကိုသိမ်းပိုက်ခြင်းတို့အား အကြောင်းမဲ့ တမင်လုပ်ဆောင်ခြင်း၊ ဓားစာခံအဖြစ်ဖမ်းဆီးခြင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများတွင် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေနှင့် ဓလေ့ထုံးစံများကို ချိုးဖောက်ခြင်းတွင်ပါဝင်သည့် အရပ်သားပြည်သူလူထု သို့မဟုတ် တိုက်ပွဲများတွင် တိုက်ရိုက်ပါဝင်ခြင်းမရှိသည့် အရပ်သားပြည်သူ လူပုဂ္ဂိုလ်တစ်ဦးချင်းစီအား တမင်တိုက်ရိုက်တိုက်ခိုက်ခြင်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး တာဝန်အတွက် ပါဝင်လျက်ရှိသည့်အမှုထမ်းများ၊ တည်ဆောက်တပ်ဆင်ထားမှုများ၊ ပစ္စည်းပစ္စယများ၊ အဖွဲ့များ သို့မဟုတ် ယာဉ်များသည် အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခဥပဒေအရ အရပ်သား သို့မဟုတ် အရပ်ဘက်ပစ္စည်းများကဲ့သို့ ကာကွယ်စောင့်ရှောက်ခွင့်ရထားစဉ်ကာလအတွင်း တမင်တိုက်ရိုက်တိုက်ခိုက်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် ဘာသာရေး၊ ပညာရေး၊ အနုပညာ၊ သိပ္ပံပညာ သို့မဟုတ် အလှူဒါနအတွက်ဖြစ်သော အဆောက်အအုံများ၊ သမိုင်းဝင်အထိမ်းအမှတ်များ၊ ဆေးရုံများ၊ ဖျားနာသူများနှင့် ဒဏ်ရာရရှိထားသူများကို စုစည်းထားရှိသည့်နေရာများအား တမင်တိုက်ရိုက်တိုက်ခိုက်ခြင်း၊ အသက်(၁၅)နှစ်အောက် ကလေးငယ်များကို တိုက်ပွဲများတွင်အသုံးပြုခြင်းတို့သည် စစ်ရာဇဝတ်မှုများပင် ဖြစ်ပါသည်။



အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် တံတားတစ်စင်းကို တွေ့ရစဉ်။

လက်နက်ကိုင်သောင်းကျန်းသူများက အထက်ဖော်ပြပါအချက်များတွင် အကျုံးဝင်သည့်လုပ်ရပ်များကို လုပ်ဆောင်နေကြခြင်းသည် စစ်ရာဇဝတ်မှုများကို ကျူးလွန်နေကြခြင်းဖြစ်ပါသည်။ ထိုသို့ စစ်ရာဇဝတ်မှုများကို ကျူးလွန်မှုများကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်း၊ နိုင်ငံတော်၏အခွန်ဘဏ္ဍာများ ဆုံးရှုံးခြင်းတို့ကိုဖြစ်ပေါ်စေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ဖြစ်စေပါသည်။

အခြားတစ်ဖက်တွင်လည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံဖြစ်သော PDF အမည်ခံ အကြမ်းဖက်အုပ်စုများသည် လက်နက်ကိုင်ပဋိပက္ခနှင့် အကျုံးမဝင်သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်နေကြသူများ ဖြစ်ပါသည်။ ထို့ကြောင့်ပင်လျှင် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုနှိမ်နင်းရေးစစ်ဆင်မှုများကို ဆောင်ရွက်နေရခြင်းဖြစ်ပါသည်။

### အကြမ်းဖက်အုပ်စုတစ်ခုခုကို ငွေကြေးထောက်ပံ့မှုသည် အကြမ်းဖက်မှုဖြစ်

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေသည် ကုလသမဂ္ဂ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)ပုဒ်မခွဲငယ်(၁၀)အရ အများပြည်သူ၏လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများသည် အကြမ်းဖက်မှုပင်ဖြစ်ပါသည်။ ထို့အပြင် အကြမ်းဖက်မှုကိုကျူးလွန်သော သို့မဟုတ် ကျူးလွန်မည်ဖြစ်သော အကြမ်းဖက်သမားတစ်ဦးဦးကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခုကိုဖြစ်စေ အားပေးကူညီရာရောက်သော ငွေကြေးထောက်ပံ့မှုသည်လည်း အကြမ်းဖက်မှုဖြစ်ပါသည်။ CRPH ၊ NUG နှင့် ၎င်းတို့၏လက်ဝေခံဖြစ်သော PDF အမည်ခံ အကြမ်းဖက်အုပ်စုများသည် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့သတ်ဖြတ်ခြင်း၊ စွပ်စွဲချက်အမျိုးမျိုးဖြင့် သတ်ဖြတ်ခြင်း၊ အများပြည်သူအတွင်း ကြောက်ရွံ့ထိတ်လန့်မှုကိုဖြစ်စေသည့် မြို့ရွာများတွင် မိုင်းထောင်ဖောက်ခွဲခြင်း၊ စာသင်ကျောင်းများ အပါအဝင်

စာမျက်နှာ ၇ သို့ ✲

> ❛အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)ပုဒ်မခွဲငယ်(၁၀) အရ အများပြည်သူ၏လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများသည် အကြမ်းဖက်မှုပင်ဖြစ်ပါသည်။ ထို့အပြင် အကြမ်းဖက်မှုကိုကျူးလွန်သော သို့မဟုတ် ကျူးလွန်မည်ဖြစ်သော အကြမ်းဖက်သမားတစ်ဦးဦးကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခုကိုဖြစ်စေ အားပေးကူညီရာရောက်သော ငွေကြေးထောက်ပံ့မှုသည်လည်း အကြမ်းဖက်မှုဖြစ်❜



KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျုံးအိတ်တံတားကို တွေ့ရစဉ်။



၁၈-၇-၂၀၂၃ ရက်နေ့က အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ်စွာ မိုင်းခွဲဖျက်ဆီးမှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ ဆောင်ရွက်ပြီးစီးနေသည့် ရထားလမ်းထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီ ထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ (သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကား ပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာ ရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့်လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။



မြန်မာ့မီးရထားပိုင် ရထားသံလမ်းဆက်ပြား၊ သံလမ်းဆက်မူလီများနှင့် သံလမ်းထိန်းကလစ်များ ဖြုတ်ယူဖျက်ဆီးမှုကြောင့် မန္တလေး-ရန်ကုန် ရထားလမ်းပိုင်းအတွင်း မြစ်ငယ်မှ ရွာသာကြီး ခရီးစဉ် ပြေးဆွဲသော ကုန်ရထားလမ်းချော်မှုဖြစ်ပွားစဉ်။



PDF အမည်ခံအကြမ်းဖက်သမားများ၏ ရက်စက်ကြမ်းကြုတ်စွာ မိုင်းခွဲတိုက်ခိုက်မှုကြောင့် ရထားသံလမ်းထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

✲ စာမျက်နှာ ၆ မှ

အများပြည်သူဆိုင်ရာ အဆောက်အအုံများကို ဗုံးခွဲတိုက်ခိုက်ခြင်း၊ မီးရထားလမ်းများကို ဖျက်ဆီးခြင်း၊ လမ်းတံတားများကို မိုင်းထောင်ဖျက်ဆီးခြင်း၊ ဆရာ ဆရာမများကို ခြိမ်းခြောက်ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိကြပါသည်။

**“ စစ်ရာဇဝတ်မှုများကို ပြောင်ပြောင်တင်းတင်းကျူးလွန်နေကြသည့် လက်နက်ကိုင်သောင်းကျန်းသူများ၊ အကြမ်းဖက်လုပ်ရပ်များကို ပြောင်ပြောင်တင်းတင်းကျူးလွန်နေကြသည့် အကြမ်းဖက်အုပ်စုများကြောင့် ပြည်သူများစိုးရိမ်ကြောင့်ကြရခြင်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ဖြစ်ပေါ်စေခြင်းတို့ကို ဖြစ်ပေါ်စေလျက်ရှိပါသည်။ အဆိုးဆုံးမှာ အကြမ်းဖက်သမားများ၏အန္တရာယ်ကြောင့် အချို့သောကလေးငယ်များ ပညာသင်ကြားခွင့်ဆုံးရှုံးနေရခြင်းဖြစ် ”**

အဆိုပါအကြမ်းဖက်မှုများကို တိုက်ဖျက်ရေးသည် ပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးတာဝန်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသည့်အချိန်တွင် **စစ်ရာဇဝတ်မှုများကို ပြောင်ပြောင်တင်းတင်း ကျူးလွန်နေကြသည့် လက်နက်ကိုင်သောင်းကျန်းသူများ၊ အကြမ်းဖက်လုပ်ရပ်များကို ပြောင်ပြောင်တင်းတင်းကျူးလွန်နေကြသည့်အကြမ်းဖက်အုပ်စုများကြောင့် ပြည်သူများ စိုးရိမ်ကြောင့်ကြရခြင်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ဖြစ်ပေါ်စေခြင်းတို့ကို ဖြစ်ပေါ်စေလျက်ရှိပါသည်။ အဆိုးဆုံးမှာ အကြမ်းဖက်သမားများ၏ အန္တရာယ်ကြောင့် အချို့သောကလေးငယ်များ ပညာသင်ကြားခွင့်ဆုံးရှုံးနေရခြင်း ဖြစ်ပါသည်။**

### ဆုံးပြောင့်ခလုတ်များ တားဆီးကာကွယ် တိုက်ဖျက်

**နိုင်ငံရေးနှင့် လူမျိုးရေးအစွန်းရောက်ပြီး လက်နက်ကိုင်ပဋိပက္ခကို ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် အသုံးချလျက်ရှိသည့် လက်နက်ကိုင်သောင်းကျန်းသူများ၏ စစ်ရာဇဝတ်မှုကျူးလွန်မှုများသည် နိုင်ငံတော်အစိုးရက မျှော်မှန်းဆောင်ရွက်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးခရီးလမ်းအတွက် ခလုတ်တံသင်းများဖြစ်**သကဲ့သို့ နိုင်ငံရေးဝါဒမှိုင်းတိုက်ထားမှုကြောင့် အစွန်းရောက်အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်အုပ်စုများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅) ရပ်နှင့်အညီ ဆက်လက်ဆောင်ရွက်မည့် ရှေ့ခရီးလမ်းအတွက် ဆူးပြောင့်ခလုတ်များဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လက်နက်ကိုင်သောင်းကျန်းသူများ၏ စစ်ရာဇဝတ်မှုများနှင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုအန္တရာယ်များကို နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့် တပ်မတော်တို့၏ စုပေါင်းညီညွတ်မှုစွမ်းအားဖြင့် တားဆီးကာကွယ် တိုက်ဖျက်သွားရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။



ထီးချိုင့်မြို့နယ် တကောင်းနီကယ်စက်ရုံသို့ သွယ်တန်းထားသော လျှပ်စစ်ဓာတ်အားလိုင်း တာဝါတိုင်များကို PDF အမည်ခံအကြမ်းဖက်သမားများ၏ မိုင်းခွဲခံရသည့် မှတ်တမ်းဓာတ်ပုံ။

**“ နိုင်ငံရေးနှင့် လူမျိုးရေးအစွန်းရောက်ပြီး လက်နက်ကိုင်ပဋိပက္ခကို ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် အသုံးချလျက်ရှိသည့် လက်နက်ကိုင်သောင်းကျန်းသူများ၏ စစ်ရာဇဝတ်မှုကျူးလွန်မှုများသည် နိုင်ငံတော်အစိုးရက မျှော်မှန်းဆောင်ရွက်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးခရီးလမ်းအတွက် ခလုတ်တံသင်းများဖြစ် ”**

# နိုင်ငံသားများ၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးနိုင်ရန် မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နိုင်ငံသားများ၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးနိုင်ရန် မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၆**

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာတို့အကြား သတင်းမီဒီယာကျင့်ဝတ်ကို အခြေခံ၍ အပြန်အလှန်လေးစားမှုရှိသော ဆက်ဆံမှုတည်ဆောက်ရေးနှင့် ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရေး၊ မြန်မာနိုင်ငံသတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လွတ်လပ်စွာ သတင်းရယူပိုင်ခွင့် ပိုမိုရရှိရေးနှင့် မဏ္ဍိုင်(၄)ရပ်တို့ ဆက်ဆံရေး ပိုမိုကောင်းမွန်ရေး၊ ရှေ့ဆက်လက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ အကြံဉာဏ်ကောင်းများကို ဖော်ဆောင်နိုင်ရေး၊ သတင်းအချက်အလက် ရယူခွင့်နှင့်ပတ်သက်၍ အပြန်အလှန် ပူးပေါင်း ဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်၍ မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးအောင်နိုင်ဦးနှင့် ဒေါက်တာ မျိုးသိန်းကျော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် (၃) ရပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာ့မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့၊ မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေသူများအသင်းတို့မှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် တည်ဆောက်ရေးနှင့် မီဒီယာ၏ အခန်းကဏ္ဍ မှတ်တမ်းဗီဒီယိုနှင့် မိုခါမုန်တိုင်းအန္တရာယ် ရင်ဆိုင်ကျော်လွှားမှုနှင့် စုပေါင်းမှု၏ရလဒ် မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စတုတ္ထမဏ္ဍိုင်ဟုခေါ်သည့် မီဒီယာများအနေဖြင့် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ဆိုသည့် အဓိကမဏ္ဍိုင် (၃) ရပ်ကို တည့်မတ်အောင် တစ်ဖက်တစ်လမ်းမှ ထိန်းကျောင်းပေးရသည့်တာဝန်ကို ပြည်သူတို့ ကိုယ်စား ထမ်းဆောင်နေရသည့် အတွက် သတင်းအချက်အလက် ရပိုင်ခွင့်နှင့်ပတ်သက်၍ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မီဒီယာများမှ ဖော်ပြချက်များသည် မိမိတို့တိုင်းပြည် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် စည်းလုံးညီညွတ်မှုများကို များစွာ သက်ရောက်မှုရှိသည့် အတွက် စည်းလုံးညီညွတ်မှုကို တည်ဆောက်ပေးသည့် မီဒီယာများဖြစ်ရန် လိုအပ်ပါကြောင်း။

မည်သည့် နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ အစိုးရ၊ ပြည်သူနှင့် အဖွဲ့အစည်းအားလုံး စည်းလုံးညီညွတ်ရန် လိုအပ်ပြီး အဆိုပါအင်အားများ ခိုင်မာအောင် ဆောင်ရွက်ရာတွင် မီဒီယာများက ပိုမိုအလေးပေး ဆောင်ရွက်သင့်ပါကြောင်း။

မဏ္ဍိုင်တစ်ခုချင်းစီ၏ လုပ်ငန်းသဘောသဘာဝတို့ကို အချင်းချင်း အပြန်အလှန် အသိအမှတ်ပြုလက်ခံပြီး ပူးပေါင်းညှိနှိုင်းခြင်းဖြင့် ပွင့်လင်းမြင်သာမှု ရရှိစေမည်ဖြစ်သကဲ့သို့ အရည်အချင်းပြည့်ဝသည့် မီဒီယာသမားကောင်းများ ဖြစ်လာစေရန်၊ ပြည်သူများ မှန်ကန်သော သတင်းအချက်အလက် သိရှိပိုင်ခွင့်ရရှိရေး ဆောင်ရွက်ရန်မှာ ကဏ္ဍပေါင်းစုံမှ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည် ဖြစ်သည့်အတွက် သက်ဆိုင်ရာမဏ္ဍိုင် အသီးသီးက အများအတွက်၊ နိုင်ငံအတွက်ဟုခံယူပြီး အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က မိမိနိုင်ငံကို ချစ်မြတ်နိုးရန်နှင့် စောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ဟု ခံယူပြီး သတင်းမီဒီယာသမားများကလည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အပြုသဘောဆောင်သည့် ဝေဖန်ချက်၊ သုံးသပ်ချက်များဖြင့် ထောက်ပြသည်ကို ကျန်သည့် မဏ္ဍိုင်များက လေးလေးစားစား တုံ့ပြန်ပြီး ပြုပြင်သင့်သည်ကို ပြုပြင်၊ ဆောင်ရွက်သင့်သည်ကို ဆောင်ရွက်ရန် ခံယူပြီး လက်ခံကျင့်သုံးသင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ မြန်မာ့မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး မဏ္ဍိုင်(၃)ရပ်နှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာတို့ အပြန်အလှန် ဆက်စပ်မှုသည် တိုင်းပြည်၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုနှင့် တိုင်းပြည်၏ ဖြစ်ပေါ်နေသည့် အခြေအနေများအတွက် အရေးကြီးပါကြောင်း၊ မဏ္ဍိုင်(၃)ရပ်၏ လုပ်ငန်းစဉ်သဘောသဘာဝကို စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာက နားလည်ရန် လိုအပ်သကဲ့သို့ မီဒီယာ၏သဘောသဘာဝကို မဏ္ဍိုင်(၃)ရပ်က သဘောပေါက်မှသာ ချောမွေ့ပြေလည်စွာ လုပ်ငန်းများ လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သော ဒီမိုကရေစီစတင်သည့် ဆယ်စုနှစ်ကာလများတွင် မီဒီယာကဏ္ဍနှင့် မဏ္ဍိုင်သုံးရပ်၏ ဆက်ဆံမှုသည် ကောင်းမွန်ခဲ့ပြီး ပြည်သူလူထုကလည်း စောင့်ကြည့်သည့် အနေအထား ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် နိုင်ငံရေးဖြစ်စဉ် အပြောင်းအလဲနောက်ပိုင်းတွင် သတင်းအမှန်များ ပျောက်ကွယ်သွားပြီး သတင်းတု၊ သတင်းမှားများ၊ ဖေ့စ်ဘွတ်ပေါ်မှ သတင်းများက ပိုမိုအားကောင်းလာသည်ကို တွေ့ရပါကြောင်း။

ပြည်သူလူထုအကြား ဖြစ်ပျက်နေမှုများ၊ သတင်းအမှန်များကို ထုတ်ဖော်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ပြည်သူများကိုယ်တိုင် ၎င်းတို့၏ ပြဿနာရပ်များကို ၎င်းတို့ကိုယ်တိုင် ဆွေးနွေးခွင့်၊ ပြောကြားခွင့် ရရှိလာသည့်အခါ မဏ္ဍိုင်(၃)ရပ်နှင့် မီဒီယာကို ပိုမိုအားကိုးလာမည်ဖြစ်ပါကြောင်း၊ မဏ္ဍိုင်(၃)ရပ်နှင့် မီဒီယာကဏ္ဍ၏ ဆက်စပ်မှုသည် အရေးကြီးသည့်အတွက် ယနေ့ဆွေးနွေးမှုမှ ရလဒ်ကောင်းများရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးက ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် ဒေါက်တိုင်ကြီးသုံးရပ်ကို ပံ့ပိုးပေးသည်မှာ မီဒီယာဒေါက်တိုင်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်လည်း မီဒီယာကို ဒေါက်တိုင်ကြီးသဖွယ် တင်စားပြီး ဒေါက်တိုင်ကြီးလေးခု ဖြစ်လာပါကြောင်း၊ မဏ္ဍိုင်ကြီးလေးခုသည် အပြန်အလှန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ Freedom of Expression ဆိုသော်လည်း အပြည့်အဝ လွတ်လပ်ခွင့်ပေးခြင်းထက် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံကို ချီတက်နေသည့် နိုင်ငံအတွက် လိုအပ်သည့်နေရာကို သတ်မှတ်ကန့်သတ်ခြင်းလည်း ရှိနိုင်ပါကြောင်း ပြောကြားသည်။

**ဖော်ဆောင်ပေးသင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အနာဂတ်တွင် မီဒီယာနှင့် အစိုးရတို့ ပူးပေါင်း၍ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် Professional Development Program များကို ဖော်ဆောင်ပေးသင့်ပါကြောင်း၊ မီဒီယာဘက်မှ ဖော်ထုတ်အကြံပြုပြောဆိုလာပါက မိမိတို့အနေဖြင့် လိုက်နာဆောင်ရွက်ရန် ဝန်မလေးပါကြောင်း၊ တိုင်းပြည်အတွက် သတင်းမှန်များ ပြန်လည်နေရာရလာပြီး ပြည်သူလူထုတွင်ဖြစ်ပေါ်နေသည့်အမှန်းတရားများ လျော့ပါးလာစေရန် မဏ္ဍိုင်သုံးရပ်နှင့် မီဒီယာတို့ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက များစွာထိရောက်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နိုင်ငံသားများ၏ သတင်းသိပိုင်ခွင့်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများကိုအကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သတင်းမီဒီယာများမှ တာဝန်ရှိသူများက သတင်းသမား မျိုးဆက်မပြတ်စေရေးအတွက် သတင်းမီဒီယာဝါသနာပါသူများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက သင်တန်းများဖွင့်လှစ်ပို့ချနိုင်ရေး၊ သတင်းသမားအချို့၏ အရည်အသွေး မပြည့်ဝသည့် သတင်းများ ဖြစ်ပေါ်ရသော အခြေခံ အကြောင်းတရားများ၊ သတင်းလုပ်ငန်းဖြင့် သက်မွေးဝမ်းကျောင်းပြုလိုသူများအား ပံ့ပိုးကူညီပေးနိုင်ရေး၊ သတင်းစီးဆင်းမှု မြန်ဆန်စေရေး၊ လွတ်လပ်စွာ သတင်းရယူခွင့်ရရှိရေး၊ တရားမဝင် စလောင်းများကိုစွဲ၊ အွန်လိုင်းမီဒီယာဆိုင်ရာများ၊ မြန်မာ့မီဒီယာ အခြေအနေနှင့် စီးမျောလာသော ဒစ်ဂျစ်တယ်စိန်ခေါ်မှုများ၊ သတင်းတု၊ သတင်းမှားများနှင့် ပတ်သက်၍ အမြန်အတည်ပြု ပြန်ကြားပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ယနေ့ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ၏ ဆွေးနွေးပွဲရလဒ်များကို အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ဖတ်ကြား အတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ပူးပေါင်းပြီး မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ပထမအကြိမ်၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဒုတိယအကြိမ်၊ ၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်တွင် တတိယအကြိမ်နှင့် ၂၀၂၀ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် စတုတ္ထအကြိမ်အဖြစ် ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

## သံဖြူဇရပ်မြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(စက်ခဲ)၌ အခြေခံလျှပ်စစ်သင်တန်းဆင်းပွဲ ကျင်းပ

**သံဖြူဇရပ် ဇူလိုင် ၂၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (စက်ခဲ)တွင် ဖွင့်လှစ်သည့် အခြေခံလျှပ်စစ်သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် သင်တန်းကျောင်း တာဝန်ခံ ဦးစီးအရာရှိ ဦးထွန်းကိုက အမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို နည်းပြ ဦးရန်ငြိမ်းအောင် (စက်မှုအထက်တန်းကျောင်း-မော်လမြိုင်) နှင့် ဦးဉာဏ်လင်းအောင် (လျှပ်စစ်ကျွမ်းကျင်ပညာရှင်) တို့က အခြေခံလျှပ်စစ် သဘောတရား၊ လျှပ်စစ်သွယ်တန်းနည်း ပညာများကို ဇွန် ၂၁ ရက်မှ ဇူလိုင် ၂၆ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ အရှေ့တောင်အာရှ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုစောင့်ရှောက်မှုနှင့် ပညာရေးပြုပြင်ပြောင်းလဲရေးမူဝါဒဆိုင်ရာ အာဆီယံပညာရေးဝန်ကြီးများ စကားဝိုင်းဆွေးနွေးပွဲတက်ရောက်

နေပြည်တော် ဇူလိုင် ၂၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၅ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ St.Regis ဟိုတယ်သို့ ရောက်ရှိခဲ့ပြီး အဆိုပါဟိုတယ်၌ ပြုလုပ်သည့် အင်ဒိုနီးရှားနိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ သုတေသနနှင့်နည်းပညာဝန်ကြီး၊ H.E.Mr. Nadiem Anwar Makarim က ကြိုဆိုဧည့်ခံသော Gala Dinner သို့ တက်ရောက်ခဲ့သည်။




**စကားဝိုင်းဆွေးနွေးပွဲကျင်းပ**

ယနေ့နံနက်ပိုင်းတွင် အဆိုပါဟိုတယ်၌ အရှေ့တောင်အာရှ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်မှုနှင့် ပညာရေးပြုပြင်ပြောင်းလဲရေးမူဝါဒဆိုင်ရာ အာဆီယံပညာရေးဝန်ကြီးများ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ အင်ဒိုနီးရှားနိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ သုတေသနနှင့် နည်းပညာဝန်ကြီးဌာနမှ ဝန်ကြီး H.E.Mr. Nadiem Anwar Makarim က အဖွင့်မိန့်ခွန်းပြောကြားပြီး အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး၊ အာဆီယံလူမှုရေး- ယဉ်ကျေးမှုအသိုက်အဝန်း ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Ekkaphab Phanthavong က အဖွင့်မိန့်ခွန်းကို video message ဖြင့် ပြောကြားသည်။

ယင်းနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများက သက်ဆိုင်ရာနိုင်ငံအလိုက် အရှေ့တောင်အာရှ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်မှုနှင့် ပညာရေးပြုပြင်ပြောင်းလဲရေး မူဝါဒဆိုင်ရာများကို ဆွေးနွေးပြောကြားကြရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ပညာရေးသည် ကလေးငယ်များ၏ သိမြင်ခံစားမှု၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးသဖြင့် အနာဂတ်ပညာသင်ယူတတ်မြောက်မှုကို များစွာအထောက်အကူပြုနိုင်ကြောင်း၊ သို့ဖြစ်၍ အာဆီယံဒေသတွင်း ကွန်ရက်တစ်ခုတည်ထောင်ကာ အတွေ့အကြုံများ၊ အကြံဉာဏ်များဖလှယ်ရန် ထောက်ခံကြောင်း၊ မြန်မာနိုင်ငံတွင် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းကာ ငါးနှစ် မဟာဗျူဟာစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာန အနေဖြင့် သင်ရိုးညွှန်းတမ်းစိစစ်ရေး၊ ဆရာအရည်အသွေး မြင့်မားရေး၊ လက်ဦးဆရာ မိဘများ၏ အခန်းကဏ္ဍမြှင့်တင်ရေး၊ လူမှုအသိုက်အဝန်း ပူးပေါင်းပါဝင်ရေးတို့ကို ဦးတည်ပံ့ပိုးလျက်ရှိပါကြောင်း၊ အာဆီယံဒေသတွင်း နိုင်ငံအချင်းအချင်း အတွေ့အကြုံများ၊ အကြံဉာဏ်များ ဖလှယ်လျက် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက အရည်အသွေးရှိသော ရှေးဦး အရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ပညာရေးကို အနာဂတ်တွင် ကလေးတိုင်းလက်ခံရရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆွေးနွေးပွဲအပြီးတွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ပညာရေးဆိုင်ရာ ကြေညာချက်ကို ထုတ်ပြန်အတည်ပြုခဲ့ကြသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲကို အရည်အသွေးရှိသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ပညာရေး၏ အရေးပါမှုကို ပိုမိုသိရှိသတိပြုမိစေရန်၊ ဒေသတွင်း ပြုပြင်ပြောင်းလဲရေးမူဝါဒများ ဆွေးနွေးရန်၊ ဒေသတွင်း အလေ့အကျင့်ကောင်းများ ဖလှယ်ရေးအတွက် ကွန်ရက် တစ်ခု တည်ထောင်ရန် ဟူသော ရည်ရွယ်ချက်များဖြင့်ကျင်းပကာ အာဆီယံနိုင်ငံများမှ ပညာရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် National Museum သို့ သွားရောက်လေ့လာခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး သည် အင်ဒိုနီးရှားနိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ သုတေသနနှင့်နည်းပညာဝန်ကြီးဌာနက ဦးဆောင်ကျင်းပသော ၂၀၂၃ ခုနှစ် အာဆီယံ အဆင့်မြင့်ပညာရေးညီလာခံ Webinar တွင် နည်းပညာအခြေပြု ပင်လယ်ရေကြောင်းကုန်သွယ်မှုကဏ္ဍ ၅ ဒသမ သုည တွင် ပင်လယ်ရေကြောင်းလုပ်ငန်းနှင့် ပညာရေးချိတ်ဆက်မှု၌ အစိုးရ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် အွန်လိုင်းမှ မိန့်ခွန်းပြောကြားသည်။

**အသေးစိတ်ရှင်းလင်း**

ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ကုန်သွယ်ရေး၏ ၉၀ ရာခိုင်နှုန်းခန့်ကို ပင်လယ်ရေကြောင်းမှ သယ်ယူပို့ဆောင်လျက်ရှိကြောင်း၊ ပင်လယ်ရေကြောင်း ပို့ဆောင်ရေးသည် ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဖလှယ်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိကြောင်း၊ ပင်လယ်ရေကြောင်း လုပ်ငန်းနှင့်ပညာရေး ချိတ်ဆက်မှု၌ အစိုးရ၏ အခန်းကဏ္ဍမှာအရေးပါကြောင်း၊ အစိုးရအနေဖြင့် ပညာသင်ကျောင်းများနှင့် လုပ်ငန်းအကြား ကွာဟမှုကို ဆက်စပ်ပေးနိုင်ခြင်း၊ ရန်ပုံငွေပံ့ပိုးပေးနိုင်ခြင်း၊ ပညာသင်ကျောင်းများနှင့်လုပ်ငန်းအကြား မိတ်ဖက်ဆက်ဆံရေးကို အားပေးနိုင်ခြင်း၊ မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများကို ချမှတ်ပေးနိုင်ခြင်း၊ ပညာသင်ကျောင်းများနှင့် လုပ်ငန်းများ ချိတ်ဆက်၍ သင်ရိုးညွှန်းတမ်းများ ရေးဆွဲစေနိုင်ခြင်းနှင့် နည်းပညာ၊ သက်မွေးပညာရေး တိုးတက်အောင်ပံ့ပိုးပေးနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း အသေးစိတ်ရှင်းလင်းခဲ့သည်။

အဆိုပါ Webinar သို့ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ စုစုပေါင်း ၈၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂)(မူကြမ်း)ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂)(မူကြမ်း)ရေးဆွဲရေးအတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းယန္တရားများဆိုင်ရာ လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂)ရေးဆွဲရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းယန္တရားများဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) NSPAW Phase II ကို ရေးဆွဲနိုင်ရေးအတွက် ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းယန္တရားများ (ပထမ မူကြမ်း)နှင့် ပတ်သက်ပြီး လုပ်ငန်းအကောင်အထည်ဖော်မှုနှင့် ညွှန်းကိန်းများတွင် ကြုံတွေ့ရနိုင်ဖွယ်ရှိသော အခက်အခဲများကိုလည်း တင်ပြဆွေးနွေးပေးကြစေလိုကြောင်း၊ ကော်မတီအဖွဲ့ဝင်များအနေဖြင့် NSPAW Phase II ရေးဆွဲနိုင်ရန် လိုအပ်သည့် အချက်အလက်များကို အကြံပြုဆွေးနွေးပေးကြရန်နှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် NSPAW Phase II အကောင်အထည်ဖော်သည့်လုပ်ငန်းစဉ်များတွင်လည်း တက်တက်ကြွကြွ ပူးပေါင်းပါဝင်ပေးကြရန် ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းယန္တရားများ မူဘောင်(မူကြမ်း) ရေးဆွဲထားမှုအပေါ် ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)မိုးရာသီအားကစားပြိုင်ပွဲများ ကျင်းပ

စစ်ကိုင်း ဇူလိုင် ၂၆

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)



၂၀၂၃ ခုနှစ် မိုးရာသီအားကစား ပြိုင်ပွဲများကို ဇူလိုင် ၇ ရက် မှစတင်၍ ကျင်းပလျက်ရှိပြီး ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် စားပွဲတင်တင်းနစ် အားကစားပြိုင်ပွဲများ အုပ်စုပတ်လည်အဆင့် ယှဉ်ပြိုင်ကစားလျက်ရှိသည်။

**ဂုဏ်ပြုဆုများချီးမြှင့်**

အဆိုပါ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ဇူလိုင် ၃၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ယင်းနေ့တွင် အမျိုးသားဘောလုံး ဗိုလ်လုပွဲစဉ်ကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကာ အားကစားအမျိုးအစားအလိုက် ဆုရရှိသည့်အသင်းများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဟုမ္မလင်းမြို့နယ်၌ ကုန်ထုတ်လမ်းနှစ်လမ်း ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

ဟုမ္မလင်း ဇူလိုင် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်ကွပ်ကဲမှုအောက်ရှိ ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ထုံမာတဲကျေးရွာကုန် ထုတ်လမ်းနှင့် အောင်သာကျေးရွာကုန်ထုတ်လမ်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေနှင့်တာဝန်ရှိသူများက ဇူလိုင် ၂၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီး အပါအဝင် ခုနစ်ဦးအား PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားမှုနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား ပစ်ခတ်သတ်ဖြတ်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၆**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် အသက် ၁၁ နှစ်အရွယ် ၎င်း၏သားဖြစ်သူအပါအဝင် ဆရာ၊ ဆရာမ ၅ ဦး စုစုပေါင်း ၇ ဦးတို့အား ဇူလိုင် ၂၀ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထို့အပြင် ဇူလိုင် ၂၂ ရက်တွင်လည်း အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ လာရောက်သင်ကြားပို့ချပေးနေသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။

ယခုကဲ့သို့ လက်နက်တစ်စုံတစ်ရာကိုင်ဆောင်ထားခြင်းမရှိသော အနာဂတ် လူငယ်၊ မောင်မယ်များအား ပညာသင်ကြားပေးနေသူများကို ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ရက်စက်ယုတ်မာစွာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)နှင့် မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်တို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) ၏ သဘောထားထုတ်ပြန်ချက်

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီး အပါအဝင် ၇ ဦး တို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၂၀ ရက်တွင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင် အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ သင်ကြားပို့ချပေးနေသော လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအားလည်း PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်လုပ်ကြံသွားကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ အဆိုပါလုပ်ရပ်သည် မျိုးဆက်သစ် လူငယ်၊ မောင်မယ်များ ပညာရေးကဏ္ဍ နှောင့်နှေးစေရန် ရည်ရွယ်ချက်ဖြင့် NUG ၊ CRPH၊ NLD တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ငါနဲ့မတူ ငါ့ရန်သူဟု သတ်မှတ်၍ စစ်ရေးနှင့်မသက်ဆိုင်သော နိုင်ငံ့ဝန်ထမ်းများကို ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်းသည် လူသားမဆန်သော လုပ်ရပ်များဖြစ်သည့်အတွက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA(ဗဟို) အသင်းကြီးအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ၏ သဘောထားထုတ်ပြန်ချက်

Myanmar Interfaith Dialogue Group

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

**သဘောထားထုတ်ပြန်ချက်**

**၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၉) ရက်**

**၂၀၂၃ ခုနှစ် ဇူလိုင်လ(၂၆)ရက်**

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီး ကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)ရှိ ကျောင်းအုပ်ဆရာမကြီး၊ သားဖြစ်သူ အသက် ၁၁ နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် ဆရာ၊ ဆရာမ ၅ ဦး စုစုပေါင်း ၇ ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၂၀ ရက်တွင် အတင်းအဓမ္မ ဖမ်းဆီး ခေါ်ဆောင်သွားကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင်လည်း အဆိုပါ ကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ သင်ကြားပို့ချပေးနေသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်သွားကြောင်း သိရှိရသည်။

၂။ အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) အနေဖြင့် ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏**

**သဘောထားထုတ်ပြန်ချက်**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်

၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၀ ရက် နှင့် ၂၂ ရက်နေ့တို့တွင် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် အသက် ၁၁ နှစ်အရွယ် ၎င်း၏သားဖြစ်သူအပါအဝင် ဆရာ၊ ဆရာမ ၅ ဦး စုစုပေါင်း ၇ ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ လာရောက်သင်ကြား ပို့ချပေးနေသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား PDF အမည်ခံ အကြမ်းဖက်သမားများက ယုတ်မာရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ သဘောထားထုတ်ပြန်ချက်

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

**သဘောထားထုတ်ပြန်ချက် (၅/၂၀၂၃)**

**၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၂၆ရက်၊ ဗုဒ္ဓဟူးနေ့**

၁။ ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်ရာတွင် အရေးပါသည့် ပညာရေးစနစ်ကို ဖျက်ဆီးလိုသော အကြမ်းဖက်သမားများသည် ပညာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများအား ဖိအားပေးခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းများအပြင် ပညာသင်ယူနေသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ကျောင်းမတက်နိုင်စေရန်အတွက် ယုတ်မာကောက်ကျစ်သော နည်းလမ်းမျိုးစုံ အသုံးပြုလျက် အကြမ်းဖက်မှုများ ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

၂။ အကြမ်းဖက်သမားများက ဇူလိုင်လ(၂၀)ရက်နေ့တွင် တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် အသက်(၁၁)နှစ်အရွယ် ၎င်း၏ သားဖြစ်သူအပါအဝင် ဆရာ ဆရာမ (၅)ဦး စုစုပေါင်း ၇ ဦးတို့အား အတင်းအဓမ္မ ဖမ်းဆီးသွားခဲ့ပါသည်။

၃။ ထို့အတူ အဆိုပါကျောင်းတွင် စိုက်ပျိုးရေးပညာရပ်များ သင်ကြားပေးနေသည့် ဆရာ တစ်ဦးအား ဇူလိုင်လ(၂၂)ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် သေဆုံးခဲ့ရကြောင်းကိုလည်း စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၄။ အကြမ်းဖက်သမားများသည် ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် တိုင်းပြည်အနာဂတ်အတွက် အရေးပါသော ပညာရေးစနစ်ကို ယိုင်နဲ့ပြိုကျ ပျက်စီးစေရန် ရည်ရွယ်ဆောင်ရွက်နေသည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက လုံးဝ (လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

**မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်**

**၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်**

၁။ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း (ထားဝယ်)မှ ကျောင်းအုပ် ဆရာမကြီးအပါအဝင် ဆရာ၊ ဆရာမများအား အကြမ်းဖက်သမားများနှင့် မသမာသူအချို့က အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ပြီး ရိုက်နှက်ညှဉ်းပန်းနှိပ်စက်မှုများပြုလုပ်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဖြစ်သူ ဦးသိန်းဦးအား အပြစ်မဲ့ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရပါသည်။

၂။ ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သူများကို ရည်ရွယ်ချက်ရှိရှိဖြင့် မသမာသူအချို့သည် စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ Drop Bomb ချ တိုက်ခိုက်ခြင်း၊ ဆရာ၊ ဆရာမများအား သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့အား ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံး ပညာမဲ့သူများဖြစ်စေရေး မသမာသည့် နည်းလမ်းမျိုးစုံအသုံးပြုကာ ဆောင်ရွက်လျက်ရှိသည်။

၃။ ယခုကဲ့သို့ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ကြားပေးနေသည့် ကျောင်းအုပ်ဆရာမကြီး အပါအဝင် ၇ ဦး တို့ကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် ဒုတိယဦးစီးမှူးဖြစ်သူ ဦးသိန်းဦး သတ်ဖြတ်ခြင်းခံရမှုအား မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**
**သဘောထားကြေညာချက်**

၁။ NUG, PDF အမည်ခံ အကြမ်းဖက်သမားများသည် စာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးခြင်း၊ စာသင်ကျောင်းများကိုသိမ်းပိုက်၍ ကတုတ်ကျင်းများတူးကာ အကြမ်းဖက်စခန်းများအဖြစ် အသုံးပြုကြသည့်အပြင် ဆရာ ဆရာမများကို သတ်ဖြတ်ခြိမ်းခြောက်ကာ ပညာရေးလုပ်ငန်းများကို ကြီးမားစွာ အနှောင့်အယှက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

၂။ လောင်းလုံး စခန်းကြီးကျေးရွာစိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)ကျောင်းအုပ်ဆရာမကြီးအပါအဝင် ဆရာ၊ ဆရာမများကို ဖမ်းဆီးခေါ်ဆောင် ရိုက်နှက်ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ကြသည့်အပြင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးကိုလည်း သတ်ဖြတ်သွားကြောင်း သိရှိရပါသဖြင့် ၎င်းအကြမ်းဖက်လုပ်ရပ်များကို လုပ်ကိုင်နေသည့် NUG, PDF အကြမ်းဖက်လုပ်ရပ်များကို ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားကြေညာချက် ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

MYANMAR ARTISTS ORGANIZATION CENTRAL

၁။ ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၀ ရက်နှင့် ၂၂ ရက်နေ့တို့တွင် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် အသက် ၁၁ နှစ်အရွယ် ၎င်း၏သားဖြစ်သူအပါအဝင် ဆရာ၊ ဆရာမ ၅ ဦး စုစုပေါင်း ၇ ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ လာရောက်သင်ကြားပို့ချပေးနေသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား PDF အမည်ခံ အကြမ်းဖက်သမားများက ယုတ်မာရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

၂။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**
**အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း**
**သဘောထားထုတ်ပြန်ချက်**
**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်**

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ၎င်း၏သားဖြစ်သူအပါအဝင် ဆရာ၊ ဆရာမ ၅ ဦး စုစုပေါင်း ၇ ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၂၀ ရက်တွင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင် အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ သင်ကြားပို့ချပေးနေသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာများကို ပညာသင်ကြားပေးလျက်ရှိသည့် ဆရာ၊ ဆရာမများ၊ နိုင်ငံ့ဝန်ထမ်းနှင့် ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်း အပေါ် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

Myanmar Music Association

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်**
**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်**

ဇူလိုင်(၂၀)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျောင်းအုပ်ဆရာမကြီးနှင့် အသက်(၁၁)နှစ်အရွယ် ၎င်း၏ သားဖြစ်သူအပါအဝင် ဆရာ/ဆရာမ(၅)ဦး စုစုပေါင်း (၇) ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားသည့်ဖြစ်စဉ်နှင့် ဇူလိုင်(၂၂)ရက်နေ့တွင် အဆိုပါကျောင်း၌ စိုက်ပျိုးရေးပညာရပ်များကို သင်ကြားပေးလျက်ရှိသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဖြစ်သူ ဦးသိန်းဦးအား အကြမ်းဖက်သမားများက မော်တော်ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည့်ဖြစ်စဉ်များအပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အနေဖြင့် လွန်စွာစိတ်နှလုံးမချမ်းမြေ့ဖြစ်ရပါသည်။

အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ အကြမ်းဖက်လုပ်ရပ်များအား လက်မခံနိုင်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၏ သဘောထားထုတ်ပြန်ချက်

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ
PINNAYGONE YAKHINE JAAME MOSQUE
No 1 , 130th Street ,Mingala Taungnyunt Township ,Yangon,Myanmar,Tel: 01 – 291122

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ**
**သဘောထားထုတ်ပြန်ချက်**
**(၂၆.၇.၂၀၂၃)**

၁။ ဇူလိုင်(၂၀)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျောင်းအုပ်ဆရာမကြီးနှင့် အသက်(၁၁)နှစ်အရွယ် ၎င်း၏သားဖြစ်သူ အပါအဝင် ဆရာ/ ဆရာမ (၅)ဦး စုစုပေါင်း (၇) ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားသည့်ဖြစ်စဉ်နှင့် ဇူလိုင် (၂၂) ရက်နေ့တွင် အဆိုပါကျောင်း၌ စိုက်ပျိုးရေးပညာရပ်များကို သင်ကြားပေးလျက်ရှိသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဖြစ်သူ ဦးသိန်းဦးအား အကြမ်းဖက်သမားများက မော်တော်ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည့်ဖြစ်စဉ်များအပေါ် လွန်စွာစိတ်နှလုံးမချမ်းမြေ့ဖြစ်ရပါသည်။

၂။ အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ မိမိတို့ ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၏ သဘောထားထုတ်ပြန်ချက်

ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း
E-mail: bmrdamm@gmail.com Web Site : www.bmrdamm.org

**ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ**
**သဘောထားထုတ်ပြန်ချက်**
**(၂၆.၇.၂၀၂၃)**

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ၎င်း၏သားဖြစ်သူအပါအဝင် ဆရာ၊ ဆရာမ ၅ ဦး စုစုပေါင်း ၇ ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၂၀ ရက်တွင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင် အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ သင်ကြားပို့ချပေးနေသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့နိုင်ငံ့သားကောင်းရတနာ၊သမီးကောင်းရတနာများကို ပညာသင်ကြားပေးလျက်ရှိသည့် ဆရာ၊ ဆရာမများ၊ နိုင်ငံ့ဝန်ထမ်းနှင့် ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်းအပေါ် မိမိတို့ **ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း**မှ လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း**

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ် ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)
ALL MYANMAR TAMIL HINDU FOUNDATION (H.Q.)
No. 111/113, 54th Street, 4th Quarter, Botahtaung Township, Yangon.
Tel. 01 296323, 01 298962, 01 299241

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)မှ**
**သဘောထားထုတ်ပြန်ချက်**
**(၂၆.၇.၂၀၂၃)**

၁။ ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၀ ရက်နှင့် ၂၂ ရက်နေ့တို့တွင် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် အသက် ၁၁ နှစ်အရွယ် ၎င်း၏သားဖြစ်သူအပါအဝင် ဆရာ၊ ဆရာမ ၅ ဦး စုစုပေါင်း ၇ ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ လာရောက်သင်ကြားပို့ချပေးနေသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား PDF အမည်ခံ အကြမ်းဖက်သမားများက ယုတ်မာရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

၂။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မိမိတို့ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်
ALL MYANMAR HINDU CENTRAL COUNCIL
No. 387-395(1st Floor), Room No. A2, Bo Aung Kyaw Street, Kyauktada Township, Yangon.
Tel : 01-8245648 E-mail : amhcc201902@gmail.com

**မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏**
**သဘောထားထုတ်ပြန်ချက်**
**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်**

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီး အပါအဝင် ၇ ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၂၀ ရက်တွင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင် အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ သင်ကြားပို့ချပေးနေသော လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအားလည်း PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ် လုပ်ကြံသွားကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ အဆိုပါလုပ်ရပ်သည် စစ်ရေးနှင့်မသက်ဆိုင်သော နိုင်ငံ့ဝန်ထမ်းများကို ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်းသည် လူသားမဆန်သော လုပ်ရပ်များဖြစ်သည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်မှ ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

**သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**
**သဘောထားထုတ်ပြန်ချက်**
**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်**

၁။ ဇူလိုင်(၂၀)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျောင်းအုပ်ဆရာမကြီးနှင့် အသက်(၁၁)နှစ်အရွယ် ၎င်း၏သားဖြစ်သူ အပါအဝင် ဆရာ/ ဆရာမ (၅)ဦး စုစုပေါင်း (၇) ဦးတို့အား PDF အမည်ခံအကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားသည့်ဖြစ်စဉ်နှင့် ဇူလိုင်(၂၂) ရက်နေ့တွင် အဆိုပါကျောင်း၌ စိုက်ပျိုးရေးပညာရပ်များကို သင်ကြားပေးလျက်ရှိသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဖြစ်သူ ဦးသိန်းဦးအား အကြမ်းဖက်သမားများက မော်တော်ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး ရက်စက်ယုတ်မာစွာ သတ်ဖြတ်ခဲ့ကြောင်းသိရှိရသည့် ဖြစ်စဉ်များအပေါ် လွန်စွာစိတ်နှလုံးမချမ်းမြေ့ ဖြစ်ရပါသည်။

၂။ အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ မိမိတို့ မြန်မာနိုင်ငံလုံးဆိုင်ရာ သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်မှ ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ သဘောထားထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**
**သဘောထားထုတ်ပြန်ချက်**
**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်**

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ၎င်း၏သားဖြစ်သူအပါအဝင် ဆရာ၊ ဆရာမ ၅ ဦး စုစုပေါင်း ၇ ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၂၀ ရက်တွင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင် အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ သင်ကြားပို့ချပေးနေသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

၂။ အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာ ရှုတ်ချကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၏ သဘောထားထုတ်ပြန်ချက်

**ပြည်ထောင်စုမြန်မာနိုင်ငံ**
**မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)**
**သဘောထားထုတ်ပြန်ချက်**
**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်**

၁။ ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၀ ရက် နှင့် ၂၂ ရက်နေ့တို့တွင် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် အသက် ၁၁ နှစ်အရွယ် ၎င်း၏သားဖြစ်သူ အပါအဝင် ဆရာ၊ ဆရာမ ၅ ဦး စုစုပေါင်း ၇ ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ လာရောက်သင်ကြားပို့ချပေးနေသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား PDF အမည်ခံ အကြမ်းဖက်သမားများက ယုတ်မာရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

၂။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မိမိတို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)မှ ပြင်းထန်စွာ ရှုတ်ချလိုက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ
မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

**မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**
**သဘောထားထုတ်ပြန်ချက်**
**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်**

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီး အပါအဝင် ၇ ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၂၀ ရက်တွင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင် အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ သင်ကြားပို့ချပေးနေသော လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအားလည်း PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ရက်စက်ယုတ်မာစွာ ပစ်ခတ်သတ်ဖြတ် လုပ်ကြံသွားကြောင်း စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ မိမိတို့ မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်မှ ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ
တမံသဘော ရေထိန်းတော။

❂ ကျောဖုံးမှ

ဖြစ်စဉ်မှာ လောင်းလုံးမြို့နယ် စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)သို့ ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်များကိုယ်စီကိုင်ဆောင်၍ မြို့ဟောင်းကျေးရွာဘက်မှ မော်တော်ယာဉ်တစ်စီးဖြင့် ရောက်ရှိလာပြီး ကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျောင်းအုပ်ဆရာမကြီးအပါအဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ခေါ်ယူ၍ စာသင်ကျောင်းခန်းမ၌ ကျောင်းသား ကျောင်းသူများအား ထိုင်ခိုင်းကာ ဆရာ ဆရာမများအား ကြမ်းပြင်တွင် မှောက်လျက်အနေအထားဖြင့် နေခိုင်းခဲ့ကြောင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကိုယ်ထိလက်ရောက် ရိုက်နှက်နှိပ်စက်မှုများပြုလုပ်ခဲ့ပြီး ဆရာ ဆရာမများအား CDM ပြုလုပ်ရန် အကျပ်ကိုင်ခြိမ်းခြောက်မှုများပြုလုပ်ခဲ့ကြောင်း၊ ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီနောက်ဆုံးထား၍ ကျောင်းဝင်းအတွင်းမှ ထွက်ခွာကြရန် ခြိမ်းခြောက်ပြောဆိုပြီး ကျောင်းအုပ်ဆရာမကြီးဖြစ်သူ ဒေါ်မြင့်မြင့်ခိုင်နှင့် ၎င်း၏ သားဖြစ်သူ အသက် ၁၁ နှစ်အရွယ် မောင်အောင်ဟိန်းခန့်တို့



PDF အမည်ခံ အကြမ်းဖက်သမားများ သတ်ဖြတ်ခဲ့သည့် လောင်းလုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းဦး။

အပါအဝင် ဆရာ ဆရာမ ငါးဦး စုစုပေါင်းခုနစ်ဦးတို့ကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်၍ ညနေ ၄ နာရီခွဲခန့်တွင် မြို့ဟောင်းကျေးရွာဘက်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

ထို့အပြင် ဇူလိုင် ၂၂ ရက်တွင် အဆိုပါကျောင်း၌ စိုက်ပျိုးရေးပညာရပ်များကို သင်ကြားပေးလျက်ရှိသည့် လောင်းလုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဖြစ်သူ ဦးသိန်းဦးသည် ၎င်း၏နေအိမ်၌ အိပ်နေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက မော်တော်ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး နေအိမ်၏ အရှေ့ဘက် ဆီအုန်းခြံသို့ ဖမ်းဆီးခေါ်ဆောင်ကာ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ဦးသိန်းဦးမှာ ဖြစ်စဉ်နေရာ၌ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

NUG၊PDFအမည်ခံအကြမ်းဖက်သမားများသည် စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ Drop Bomb ချတိုက်ခိုက်ခြင်း၊ စာသင်ကျောင်းများအား သိမ်းပိုက်ပြီး ကတုတ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများတူး၍ အကြမ်းဖက်စခန်းအဖြစ် အသုံးပြုခြင်း၊ ဆရာ ဆရာမများအား သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံး ပညာမဲ့သူများဖြစ်စေရေး ယုတ်မာစွာ ဆောင်ရွက်လျက်ရှိသည်။ ယခုကဲ့သို့ အနာဂတ်လူငယ်၊ မောင်မယ်များအား ပညာသင်ကြားပေးနေသည့် ကျောင်းအုပ်ဆရာမကြီးအပါအဝင် ခုနစ်ဦးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် ဒုတိယဦးစီးမှူးဖြစ်သူအား သတ်ဖြတ်ခြင်းတို့ကို ကျူးလွန်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ ပြင်းထန်ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်သစ်များ ရှာဖွေဖော်ထုတ်ရန် ဖိလစ်ပိုင်သမ္မတ မလေးရှားနိုင်ငံသို့ သွားရောက်



**မနီလာ ဇူလိုင် ၂၆**

ဖိလစ်ပိုင်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်သည် ဇူလိုင် ၂၅ ရက်တွင် မလေးရှားနိုင်ငံသို့ အလည်အပတ်ခရီး ထွက်ခွာခဲ့ကြောင်း သိရသည်။

ယခုအချိန်သည် နှစ်နိုင်ငံအကြား ဆက်ဆံရေးမြှင့်တင်ရန် အတွက် အချိန်အခါကောင်းဖြစ်သည်ဟု မြို့တော်မနီလာမှ မထွက်ခွာမီ ၎င်းက ပြောကြားသည်။

ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း အရှေ့တောင်အာရှဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာ နိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်နှင့် မလေးရှားတို့အကြား စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု အများအပြားရှိခဲ့သည်။ မားကို့စ်သည် ၎င်း၏ ခရီးစဉ်အတွင်း မလေးရှားဘုရင်၊ မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်နှင့် ဒေသခံစီးပွားရေးသမားများအား တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများကို ဆွေးနွေးသွားမည်ဖြစ်သည်။

ထို့ပြင် စိုက်ပျိုးရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ခရီးသွားလုပ်ငန်းနှင့် နိုင်ငံသားများအချင်းချင်း ကူးလူးဆက်ဆံမှုမြှင့်တင်ရေးကဏ္ဍများကိုလည်း ဆွေးနွေးသွားမည်ဟု သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဆယ်စုနှစ်တစ်စုကြာ ရပ်ဆိုင်းထားခဲ့သည့် လစ်ဗျား-အီတလီ တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲမည်




**ထရီပိုလီ ဇူလိုင် ၂၆**

လစ်ဗျားနိုင်ငံနှင့် အီတလီနိုင်ငံတို့အကြား တိုက်ရိုက်ပြေးဆွဲပျံသန်းလျက်ရှိသည့် လေကြောင်းခရီးစဉ်များကို ဆယ်စုနှစ်တစ်စုကြာ ရပ်ဆိုင်းထားခဲ့ပြီးနောက် ပြန်လည်စတင်ပြေးဆွဲတော့မည်ဖြစ်ကြောင်း လစ်ဗျားနိုင်ငံအစိုးရက ကြေညာခဲ့သည်။

အီတလီ လေကြောင်းလိုင်းဖြစ်သည့် အိုင်တီအေ(ITA)သည် အီတလီနိုင်ငံ ရောမမြို့မှ လစ်ဗျားနိုင်ငံ၏ မြို့တော် ထရီပိုလီသို့ ဇူလိုင် ၂၄ ရက်တွင် စမ်းသပ်ပြေးဆွဲခဲ့ပြီး အဆိုပါလေယာဉ်ပေါ်တွင် လစ်ဗျားနိုင်ငံဝန်ကြီးချုပ် အဗ္ဗဒူလ်ဟာမက်ဒီဘီဘာလည်း ပါဝင်စီးနင်းခဲ့ကြောင်း လစ်ဗျားနိုင်ငံအစိုးရ၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ယခုစမ်းသပ်ပျံသန်းမှုသည် ဥရောပလေပိုင်နက်ကိုအသုံးပြု၍ လစ်ဗျားပြည်တွင်းလေကြောင်းပျံသန်းမှု တားမြစ်ချက်ကို ရုပ်သိမ်းရန် လက်တွေ့ကျသော လုပ်ဆောင်ချက်ဖြစ်ပြီး လစ်ဗျားနိုင်ငံနှင့် အီတလီနိုင်ငံတို့အကြား ကူးသန်းရောင်းဝယ်ရေး ခရီးစဉ်များကိုလည်း စက်တင်ဘာလတွင် တရားဝင်ပြန်လည်စတင်မည်ဖြစ်ကြောင်း လစ်ဗျားနိုင်ငံဝန်ကြီးချုပ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထရီပိုလီနှင့် ရောမမြို့တို့အကြား လေကြောင်းခရီးစဉ်များ ပြန်လည်စတင်ရန် ဆုံးဖြတ်ချက်သည် လစ်ဗျားနိုင်ငံသားများအတွက် ခရီးသွားလာရေးအဆင်ပြေစေရန် နိုင်ငံတကာလေဆိပ်များတွင် လေကြောင်းဆိုင်ရာ တားမြစ်ချက်များကို ရုပ်သိမ်းရန် ဝန်ကြီးချုပ်က ဖွဲ့စည်းခဲ့သည့် ကော်မတီ၏ အစည်းအဝေးအပြီးတွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဥရောပကော်မရှင်သည် လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များဖြင့် လစ်ဗျားနိုင်ငံ လေကြောင်းလိုင်းအားလုံးကို ဥရောပလေပိုင်နက်အတွင်း ဝင်ရောက်ခွင့်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ပိတ်ပင်ခဲ့ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

# ဝန်ကြီးချုပ်ရာထူးတာဝန်မှ အနားယူမည်ဟု ဟွန်ဆန်ပြောကြား

**ဖနောင်ပင် ဇူလိုင် ၂၆**

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန်သည် ဩဂုတ်လ ၂၂ရက်မှ စတင်၍ ဝန်ကြီးချုပ် ရာထူးတာဝန်မှ အနားယူတော့မည်ဖြစ်ကြောင်း ယနေ့ပြောကြားသည်။

၎င်း၏သားအကြီးဆုံးဖြစ်သူ ဟွန်မာနက်ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်မည်ဖြစ်ကြောင်း ဟွန်ဆန်က ထပ်လောင်းပြောကြားသည်။

ဟွန်မာနက်သည် လာမည့်သီတင်းသုံးပတ်အတွင်း ဝန်ကြီးချုပ်ရာထူးတာဝန်ကို စတင်ထမ်းဆောင်မည်ဖြစ်ကြောင်း ရုပ်မြင်သံကြားမိန့်ခွန်းတွင် ၎င်းက မှတ်ချက်ပြုသည်။

အမျိုးသားလွှတ်တော်အစည်းအဝေးကို ဩဂုတ် ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဟွန်မာနက်ဦးဆောင်သည့် အစိုးရသစ်သည် ဩဂုတ် ၂၂ရက်တွင် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။

နိုင်ငံတော်တာဝန်အလွှဲအပြောင်းအရ အစိုးရသစ်သည် နိုင်ငံ၏ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး အစိုးရအဖွဲ့သစ်တွင် ငယ်ရွယ်ပြီး တက်ကြွသည့်ခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားကြောင်း ဟွန်ဆန်က ထပ်လောင်းပြောကြားသည်။

မိမိသည် ကမ္ဘောဒီးယားပြည်သူ့ပါတီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သော်လည်း အစိုးရသစ်၏ အုပ်ချုပ်ရေးကဏ္ဍကို ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း ၎င်းကပြောကြားသည်။ ထို့ပြင် မိမိသည် ဆီးနိတ်လွှတ်တော်၏ ဥက္ကဋ္ဌ ရာထူးတာဝန်ကိုလည်း ၂၀၂၄ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်အထိ ထမ်းဆောင်မည်ဟု ဟွန်ဆန်က မှတ်ချက်ပြုသည်။

ဇူလိုင် ၂၃ရက်က ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ကမ္ဘောဒီးယားပြည်သူ့ပါတီ အနိုင်ရရှိခဲ့ပြီးနောက် ဟွန်ဆန်က ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။ ရွေးကောက်ပွဲရလဒ်များအရ အမျိုးသားလွှတ်တော်တွင် ကမ္ဘောဒီးယား ပြည်သူ့ပါတီက ကိုယ်စားလှယ် ၁၂၀ နေရာရရှိခဲ့ပြီး ဖွန်ဆင်ပတ်ပါတီက ငါးနေရာရရှိခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ထိုင်းဝန်ကြီးချုပ်သစ် ရွေးချယ်ရန် နောက်ထပ်တစ်ကြိမ်မဲပေးမှုကို ရွှေ့ဆိုင်း

**ဗန်ကောက် ဇူလိုင် ၂၆**

ထိုင်းပါလီမန်ဥက္ကဋ္ဌသည် ဝန်ကြီးချုပ်သစ် ရွေးချယ်ရန် နောက်ထပ်တစ်ကြိမ် မဲပေးမှုကို ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

လွှတ်တော်အစည်းအဝေးကို ဇူလိုင် ၂၇ ရက်တွင် ကျင်းပရန်စီစဉ်ထားသော်လည်း ရှေ့သို့လှမ်းချီပါတီခေါင်းဆောင် ပီတာလင်ဂျာရိုအန်ရတ်အား ပယ်ချခံရမှုကို ပြန်လည်သုံးသပ်ရန် တောင်းဆိုသည့် အသနားခံစာတင်သွင်းမှုကို ထိုင်းပါလီမန်ဥက္ကဋ္ဌက အကြောင်းပြချက်တစ်ရပ်အဖြစ် ဖော်ပြခဲ့သည်။

**မဲခွဲဆုံးဖြတ်မှုကို ဆောင်ရွက်မည်**

ပြန်လည်သုံးသပ်သည့် အယူခံလွှာကို ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက အဆုံးအဖြတ်ပေးပြီးနောက် နောက်တစ်ကြိမ် မဲခွဲဆုံးဖြတ်မှုကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်၏ သမီး ပါတွန်တန်ရှင်နာဝပ်ထရာက ဖခင်ဖြစ်သူ ထိုင်းနိုင်ငံကို လာမည့်လတွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း ၎င်း၏အင်စတာဂရမ်တွင် ထုတ်ဖော်ပြောကြားသည်။

ပါတွန်တန်ရှင်နာဝပ်ထရာသည် အတိုက်အခံ ဖွေထိုင်းပါတီတွင် အဓိက အရေးပါသူတစ်ဦးဖြစ်သည်။ ပါတီသည် ပြီးခဲ့သည့်အထွေထွေရွေးကောက်ပွဲတွင် ဒုတိယနေရာရခဲ့သည်။

လက်ရှိတွင် အတိုက်အခံပါတီရှစ်ခု၏ မဟာမိတ်အဖွဲ့သည် ညွန့်ပေါင်းအစိုးရဖွဲ့ရန် ကြိုးစားလျက်ရှိသည်။ ၎င်းတို့သည် ဖွေထိုင်းပါတီမှ ဝန်ကြီးချုပ်လောင်းတစ်ဦးကို ရွေးချယ်ရမည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂရိနိုင်ငံ၌ တောမီးလောင်ကျွမ်းခဲ့ရာဒေသများ ပြန်လည်ထူထောင်ရေးဆောင်ရွက်မည်




**အေသင် ဇူလိုင် ၂၆**

ဂရိနိုင်ငံ၌ တောမီးလောင်ကျွမ်းခဲ့သည့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ဂရိအစိုးရက ပြောကြားသည်။

**လျော်ကြေးငွေများပေးအပ်မည်**

နိုင်ငံအတွင်းတောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများကို ပြန်လည်တည်ဆောက်ပေးမည်ဖြစ်ပြီး ထိခိုက်ခဲ့သူများကိုလည်း လျော်ကြေးငွေများ ပေးအပ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကီရာကိုမစ်ဆိုတာကစ်က မှတ်ချက်ပြုသည်။ ဇူလိုင်လအတွင်းက နိုင်ငံအတွင်းတောမီးလောင်ကျွမ်းမှုများဖြစ်ပွားစဉ် ကူညီငြိမ်းသတ်ပေးခဲ့သည့် ဘူလ်ဂေးရီးယားနိုင်ငံမှ မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း ကျေးဇူးတင်ရှိကြောင်း ဝန်ကြီးချုပ်ကီရာကိုက အေသင်မြို့သို့ အလည်အပတ်ရောက်ရှိနေသည့် ဘူလ်ဂေးရီးယား ဝန်ကြီးချုပ် နီကိုလိုင် ဒန်ကော့ဗ်အား ပြောကြားသည်။ မိမိတို့နိုင်ငံသည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကို ခံစားနေရသော်လည်း ထိုအကျပ်အတည်းမှ ကျော်လွှန်စေရေးအတွက် ပြင်ဆင်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မီးသတ်သမားများသည် ဂရိနိုင်ငံ အရှေ့တောင်ပိုင်းရှိ Rhodes ကျွန်းတွင် လက်ရှိအချိန်၌ မီးငြိမ်းသတ်ရေး တာဝန်များကို ဆောင်ရွက်နေကြသည်။ ခရီးသွားအများအပြား အပါအဝင် လူပေါင်း ၂၀၀၀၀ နီးပါးကို ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများမှ ကြိုတင်ကာကွယ်မှုအဖြစ် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်ကတည်းက ဂရိနိုင်ငံသည် အပူချိန် ၄၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ပြီး ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံး အပူလှိုင်းကျရောက်ခြင်းကို ကြုံတွေ့ခဲ့ရသည်။ နောက်ပိုင်းကာလတွင် အပူချိန်များ ဆက်လက်မြင့်မားနေမည်ဟု မိုးလေဝသပညာရှင်များက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၂၆

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်နေ ဒေါ်စန်းစန်းအေး၊ လှိုင်သာယာမြို့နယ်နေ မမြခိုင်(ခ)မခိုင်၊ မဖြူဖြူဝင်း(ခ)မကုလားမတို့သည် တိုက်ကြီးမြို့နယ်နေ မ ---၊ ၂၃/၂၀၂၀ နှစ်ကို ရှမ်းပြည်နယ် လားရှိုးမြို့ရှိ လက်ဖက်စက်ရုံတွင် တစ်လစရိတ်ငြိမ်း ငွေကျပ်နှစ်သိန်းရမည်၊ အလုပ်အကိုင်ကောင်းပြီး လမ်းစရိတ်ကျခံပေးမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးကာ တရုတ်အမျိုးသားထံ အခမ္မလက်ထပ်ပေါင်းသင်းရန် ပို့ဆောင်ရောင်းစား၍ ငွေကြေးအကျိုးအမြတ်ရယူခဲ့သဖြင့် အဖျောက်နယ်မြေရဲစခန်း(ပ) ၅၇/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်၍တိုက်ကြီးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၂၅ ရက်တွင် တရားခံစန်းစန်းအေးနှင့် မြခိုင်(ခ)မခိုင်တို့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန်နှင့် ဖြူဖြူဝင်း(ခ)ကုလားမ ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင်ကျွန်းသစ်၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျွန်းတံခါးချပ် Size စုံ သုည ဒသမ ၇၂၈ တန် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၅၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မန္တလေး-လားရှိုးကားလမ်း မိုင်တိုင်အမှတ်(၂၃)မိုင် (၆)ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်သုံးစီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Stationery Goods Raw Paper ၁၅၃၃၀ ကီလိုဂရမ်၊ ပိုက်ဆံအိတ် (မကိုင်) အိတ် ၁၈၀၊ စောင် ၃၅၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၃၇၈၈၁၈) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ၊ Hyundai Porter Pickup နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၁၃၄၄၆၁၈)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၅ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Brodu Speaker အခု ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)နှင့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Destone Cycle Tyre အခု ၃၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဇူလိုင် ၂၅ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ လားရှိုးမြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတ်လိပ်များ (ဆိုဒ်စုံ) ၂၃၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၆၀၀၀)နှင့် မဝတ်အကျႌအထည် (ဆိုဒ်စုံ) ၃၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၆၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ ဇူလိုင် ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က ထီးတန်းဆိပ်ကမ်း၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Personal Goods Gift Bag ၄၉၈၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၃၆၄၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၄၃၇၀၁၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ



နေပြည်တော် ဇူလိုင် ၂၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်မှ ၂၃ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၂၆ ဒသမ ၆၂၆ တန်၊ သစ်မာ ၁၃ ဒသမ ၉၂၈၄ တန်၊ အခြား ၁၆ ဒသမ ၃၁၇၆ တန်၊ စုစုပေါင်း ၅၆ ဒသမ ၈၇၂၀ တန်၊ ယာဉ်/ ယန္တရား ၂၂ စီး၊ တရားခံ ၁၉ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

■


## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၇-၂၀၂၃ ကြာသပတေးနေ့

MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဓမ္မသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ "ကမ္ဘာတည်မည့်သာသနာ့မော်ကွန်း" (အပိုင်း-၂)
- ၀၈:၃၅ နိုင်ငံ့စီးပွားအလေးထားMSME လုပ်ငန်းများ
- ၀၉:၁၀ NRCအစီအစဉ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း "ဖြားထိသွားသောမုဆိုး"
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဟယာမျက်နှာဖုံး" (အပိုင်း-၂၄)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကြမ္မာမုန်တိုင်း" (အပိုင်း-၁၄)
- ၁၆:၃၅ "အယ်လ်နီညိုကြောင့်ဖြစ်ပေါ်လာနိုင်သောသက်ရောက်မှုများအပေါ်ကြိုတင်စီမံခြင်း"
- ၁၇:၁၅ Soccer View
- ၁၇:၃၀ လူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ New Future Program
- ၁၉:၃၀ "ကမ္ဘာတည်မည့်သာသနာ့မော်ကွန်း" (အပိုင်း-၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ကံကြမ္မာမုန်တိုင်း' (အပိုင်း-၁၆)

mitv

- 07:02 Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal)
- 07:08 Kyaikkale pagoda
- 07:21 Dough Artist's Dream
- 07:35 Nature's Progeny Town: December Garden
- 08:01 News
- 08:26 Art Designer Nay Chi Win Lai Yee
- 08:48 Healthy Diet: Keto Diet
- 09:01 A Day Life Of Kayan Padaung Tribe
- 09:30 Listening Pleasure, Instrumental Music (Horn Violin) Myaing Gyi Hay Mar
- 09:44 Myanmar Big Circular Tray
- 10:01 News
- 10:27 Myanmar Traditional Food: Mohinga
- 10:48 A Way of Life: Aikido
- 11:01 Myanmar Puppet

MRTV NRC

ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)
အလုပနိးစုံညီချင်းတောင်ဆီ

မွန် (၀၇:၀၀ မှ ၀၉:၀၀)
သွားလည်ကြမယ် ဇင်းကျိုက်ရေတံခွန်ဆီ

ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)
ထိန်းသိမ်းစို့လေ ရိုးရာအမွေ(တက်ညီလက်ညီအပြိုင်လှော် ရခိုင်ရိုးရာပြိုင်လောင်းပွဲတော်)

ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)
စံကားမြို့ဟောင်းနှင့်ဖယ်ခုံအင်းအလှ

ဝ (၁၃:၀၀ မှ ၁၅:၀၀)
ဟိုပန်မြို့သို့အလည်တစ်ခေါက်

ကချင် (၁၅:၀၀ မှ ၁၇:၀၀)
အင်းတော်ကြီးရဲ့လှပတဲ့သဘာဝပတ်ဝန်းကျင်

ကယား (၁၇:၀၀ မှ ၁၉:၀၀)
ကယားရိုးရာခေါင်ရည်

ပအိုဝ်းကရင် (၁၉:၀၀ မှ ၂၀:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၄)

အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)
သဘာဝမိကျောင်းများပျော်စံရာမိန်းမလှကျွန်း

အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)
မြတ်ဗုဒ္ဓဖြစ်တည်ရာဆန်းကြယ်မြင်ကွင်းဗုဒ္ဓဂါယာ

ချင်း(လိုင်စိုး) (၂၂:၀၀ မှ ၂၃:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၈)

MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစားသတင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၇:၃၀ Next Level
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)

MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အတုမှန်းသိလျက်လက်ရှိထားမှု'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၃)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၆)

MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၅ သမားရိုးကျမှသည်ဆန်းသစ်မှုဆီသို့
- ၀၇:၁၅ MSME လုပ်ငန်းစွမ်းအားနိုင်ငံ့စီးပွားအင်အား
- ၀၇:၄၅ မကွေးမြေတစ်ခွင်ရှင်သန်လျက်ရှိသော နှမ်းမျိုးများ၏ဒိုင်ယာရီ
- ၀၈:၂၀ လယ်ဝေးမြို့နယ်ရှိကျေးရွာများ၏စိမ်းစိုသော နေ့ရက်များ
- ၀၈:၅၀ သစ်ပင်စိုက်ပါတို့ကမ္ဘာ့သာယာလှပစိမ်းမြမြ
- ၀၉:၀၀ လာပါမေးပါလေ့လာပါသောင်ဦးခြံမှကြိုဆိုမှာ
- ၀၉:၄၅ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း

MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/Weekly MNL Review/Weekly Soccer Preview
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၁၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝတစ်ခုသော အတက်ဆင်း'
- ၂၀:၀၀ ပြည်တွင်းသတင်း

SCAN ME

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မွန်ပြည်နယ် သစ်တောဦးစီးဌာန၏ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ပေါင်မြို့နယ် အလုပ်ကျေးရွာအုပ်စု ဇီးကုန်းကျေးရွာရှိ ပင်လယ်ကမ်းခြေ၌ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပျိုးပင်များကို ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများအား ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြကာ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါ ကျေးရွာအုပ်စုရှိ ဆယ်အိမ်စုကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝါသိဒ္ဓထံ သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၆**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြင်ဖြူမော်ရပ်ကွက်ရှိ ထိန်းသိမ်းရေး ဒီရေတောအနီး၌ အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် မိုးရာသီဒီရေတောသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်စိုက်ပျိုးခဲ့ပြီး လေဆိပ်မှ မြို့အဝင်လမ်း လမ်းဘေး ဝဲ၊ ယာတစ်လျှောက်၌ နယ်မြေခံ တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ SME အသေးစား စက်မှုလက်မှုလုပ်ငန်းများဖြစ်သည့် မြို့သစ်ရပ်ကွက်ရှိ မေယုရေသန့်စက်၊ တောင်ရပ်ကွက်ရှိ HappyLife ရေခဲစက်နှင့် NextOne မုန့်လုပ်ငန်း စက်ရုံများသို့ သွားရောက် ကြည့်ရှုလေ့လာပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် မြို့သန့်ရှင်း သာယာလှပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များ မှာကြားပြီး တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ မြို့သန့်ရှင်း သာယာလှပရေး၊ ရေစီး၊ ရေလာကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် စက်ယန္တရားနှင့် စက်သုံးဆီများ စေတနာအလျောက် ကူညီလှူဒါန်းခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၉၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၅ | ၂၂၅၀ | ၂၂၂၅ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၄၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၀ | ၂၅၁၀ | ၃၀၀၀ |
| 95 Ron | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၀ | ၂၃၅၀ | ၂၃၇၅ | ၂၃၆၀ | ၂၃၃၅ | ၂၄၃၅ | ၂၄၅၀ | ၂၃၄၀ | ၂၃၆၀ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၀ | ၂၆၂၀ | ၃၁၀၀ |
| HSD (500 ppm) | ၂၂၃၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၂၈၀ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၈၅ | ၂၃၈၀ | ၂၂၇၅ | ၂၂၈၀ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၀ | ၂၅၅၀ | ၃၀၀၀ |
| HSD (50 ppm) | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၃၅၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၅ | ၂၄၆၅ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၄၀၀ | ၂၆၂၅ | ၃၁၆၀ |
| HSD (10 ppm) | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၃၅၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၅ | ၂၄၆၅ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၄၀၀ | ၂၆၂၅ | ၃၁၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၈၅ | ၂၁၆၀ |
| 95 Ron | ၂၁၉၁ | ၂၂၆၈ |
| HSD (500 ppm) | ၂၁၂၄ | ၂၁၉၆ |
| HSD (50 ppm) | ၂၁၉၇ | ၂၂၇၁ |
| HSD (10 ppm) | ၂၁၉၇ | ၂၂၇၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဝါးခယ်မမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲပြုလုပ်

**ဝါးခယ်မ ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ်(၇၈) စက်မှုလယ်ယာစခန်းမှ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို အူကျွန်းကျေးရွာ တောင်သူဦးအောင်မျိုးသိုက်၏ လယ်မြေ သုံးဧကတွင် ဇူလိုင် ၂၅ ရက်က ပြုလုပ်သည်။

အဆိုပါ သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ခဲ့ကြပြီး စက်မှုလယ်ယာဦးစီးဌာန မြောင်းမြခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးမျိုးမြင့်ဦးက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**



# မြန်အောင်မြို့နယ်၌ မိုးရာသီ ကော်ဖီသီးနှံ စိုက်ပျိုးပွဲကျင်းပ

**မြန်အောင် ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မိုးရာသီ ကော်ဖီသီးနှံစိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက ရေနံတောင်သစ်တောကြိုးဝိုင်းအကွက် အမှတ်(၄၇/၄၈)ရှိ ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ၁၁၃ ဒသမ ၅ ဧကရှိ လျှော်ဖြူစိုက်ခင်း ငါးဧကတွင် ကော်ဖီသီးနှံစိုက်ပျိုးပွဲကျင်းပသည်။

ကော်ဖီ(သီးနှံ)စိုက်ပျိုးပွဲတွင် မြန်အောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်အောင်တို့က ကော်ဖီပျိုးပင်များပေးအပ်ခဲ့ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံတောင်သူများနှင့်အတူ ကော်ဖီပင်များစိုက်ပျိုးခဲ့ကြသည်။

မြန်အောင်မြို့နယ်အတွင်း ကော်ဖီသီးနှံကို ၂၀၂၃ ခုနှစ်တွင် စတင်စိုက်ပျိုးခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ Robusta မြေပြန့်ကော်ဖီမျိုးကို ယခုနှစ်တွင် အခမဲ့ဖြန့်ဝေပေးကြောင်းနှင့် တစ်ဧကလျှင် ကော်ဖီပင် ၄၃၅ ပင်နှုန်းဖြင့် ငါးဧကအကွက် ၂၁၇၅ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် နို့စားနွားမွေးမြူရေးခြံနှင့် နို့ပေါင်းစက်ရုံ ကြည့်ရှုအားပေး



နေပြည်တော် ဇူလိုင် ၂၆

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် ၂၁၆ ရှိ နေပြည်တော် နို့စားနွားမွေးမြူရေးခြံနှင့် နို့ပေါင်းစက်ရုံသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဆင့်မြင့်မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ အဆင့်မြင့်မွေးမြူရေးစနစ်ဖြင့် မွေးမြူနိုင်ရေး၊ မွေးမြူရေးကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှု မလုံလောက်မှုကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးပေးနိုင်ရေး၊ ရောဂါကြောင့် ဆုံးရှုံးမှုမရှိစေရေး၊ ကောင်းမွန်သည့် မွေးမြူရေးကျင့်စဉ်ကို အပြည့်အဝ လိုက်နာကျင့်သုံးလာစေရေး၊ ထုတ်ကုန်အရည်အသွေးမီစေရေး၊ အဆင့်အတန်းမီစေရေးနှင့် အစားအစာ ဘေးကင်းလုံခြုံစေရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရေးနှင့် တရားမဝင် နည်းလမ်းများဖြင့် ဝင်ရောက်လာသော တိရစ္ဆာန်ထွက်ပစ္စည်းများကို စနစ်တကျ ထိန်းကျောင်း တားဆီးကြပ်မတ်နိုင်ရေး တာဝန်ရှိသူများကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နို့စားနွားမွေးမြူရေးခြံအတွင်း နို့စားနွားများ မွေးမြူထားရှိမှု၊ တိရစ္ဆာန်အစားအစာများနှင့် နေပီယာမြက်စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာနက ဆိုင်ကလုန်းမုန်တိုင်း မိုခါ ကျရောက်ခဲ့သော ရခိုင်ပြည်နယ်၌ ကျန်းမာရေးစီမံခန့်ခွဲမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၆

ကျန်းမာရေးဝန်ကြီးဌာနသည် ဆိုင်ကလုန်းမုန်တိုင်း မိုခါ ကျရောက်ခဲ့သော ရခိုင်ပြည်နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

**ဆောင်ရွက်ပေး**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ကျန်းမာရေးဝန်ကြီးဌာနမှ ဗဟို အားဖြည့်အဖွဲ့သည် ယမန်နေ့က ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ကွင်းဆင်း၍ ဆိုင်ကလုန်းမုန်တိုင်း မိုခါ ကျရောက်ပြီးနောက် ဖြစ်ပွားလာနိုင်သော ကျန်းမာရေးဆိုင်ရာ အခြေအနေများနှင့် မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ကြိုတင်ကာကွယ်နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းစဉ်များ စနစ်တကျ ဆောင်ရွက်ခြင်း၊ ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်နှိမ်နင်းရေးနှင့် ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှု ထိန်းချုပ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ရောဂါစမ်းသပ်စစ်ဆေးခြင်းနှင့် ကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရောဂါဖြစ်ပွားမှု စောစီးစွာ သိရှိနိုင်ရေး (Early Case Detection)၊ လိုအပ်ပါက လူနာအား စောစီးစွာ လွှဲပြောင်းကုသမှု ခံယူနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း (Early Referral)၊ ထိရောက်သော ကုသမှုများဖြင့် ကုသမှုခံယူနိုင်ရန် စီစဉ်ခြင်း (Early Treatment) လုပ်ငန်းစဉ်များကို စီမံဆောင်ရွက်ခြင်းနှင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောင်းအခြေပြု ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန် ဆွေးနွေးညှိနှိုင်း စီမံဆောင်ရွက်ကာ လက်သန့်ဆေးရည် ဘူး ၂၀၀ ကို ထောက်ပံ့ပေးသည်။

ထို့ပြင် ကွင်းဆင်းအဖွဲ့သည် ယိုးတရုပ်တိုက်နယ်ဆေးရုံ၊ တိုက်နယ်ကျန်းမာရေးဌာနနှင့် ကြံခင်းကျေးလက်ကျန်းမာရေးဌာနခွဲများသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် လိုအပ်သော ထောက်ပံ့မှုများ ဆောင်ရွက်ပေးသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါလူနာများအား ကုသမှုလုပ်ငန်းတွင် အသုံးပြုနိုင်ရန်အတွက် Antiviral Drugs ကို



ဖြန့်ဝေထားရှိပြီး လူနာများကုသရာတွင် ဝန်ကြီးဌာနမှ အတည်ပြုပြဋ္ဌာန်းထားသော စံပြုကုသရေးလုပ်ငန်းလမ်းညွှန် (Standard Treatment Guideline)များဖြင့် ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေး**

ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့၌ စေလွှတ်ထားသည့် ရောဂါမျိုးသယ်ဆောင်သော ပိုးမွှားကောင်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနမှ ကွင်းဆင်းအဖွဲ့ (Vector Born Disease Control Team)သည် ဇူလိုင် ၂၃ ရက်မှစတင်၍ ပုဏ္ဏားကျွန်းမြို့နယ် မြို့ပေါ်ရပ်ကွက်များ၊ သဲတက်ကျေးရွာနှင့် ဒီပါရုံကျေးရွာ၊ ပေါက်တောမြို့နယ် မြို့မရပ်ကွက်များတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သော ရပ်ကွက်/ကျေးရွာများအတွင်း ခြင်ပေါက်ပွားနိုင်မှု အခြေအနေ ဆန်းစစ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊ သက်ကြီးခြင်နှိမ်နင်းရေးအတွက် ခြင်ဆေးမှုတ်ခြင်းနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးပြီး အိမ်ခြေစုစုပေါင်း ၆၇၀ ကို စစ်ဆေးဆောင်ရွက်ခြင်း၊ အိမ်ခြေစုစုပေါင်း ၃၂၇ အိမ်တွင် ခြင်ဆေးမှုတ်ခြင်း၊ ရေစည်၊ အုတ်ကန် စုစုပေါင်း ၂၀၇၂ ခုကို အဘိတ်ဆေးခတ်ခြင်း၊ ပြည်သူလူထု ၉၉၆ ဦးကို ကျန်းမာရေးပညာပေးခြင်းတို့ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေး အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်တစ်စီးဖြင့် နှာခေါင်းစည်း ၂ ဒသမ ၆၄၈ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

**စီစဉ်ဆောင်ရွက်ပေး**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်း ကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၀၅၃ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၆-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၇-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၅,၀၅၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၀၅,၂၀၁)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၁၁၆)ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၇၉၂)ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီနှင့် သာသနိက အဆောက်အအုံများအား သွားရောက်ကြည့်ရှု

စစ်တွေ ဇူလိုင် ၂၆

နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဘုရား၊ စေတီနှင့် သာသနိက အဆောက်အအုံများအား သွားရောက်ကြည့်ရှုပြီး ပြန်လည်ပြုပြင်ရန်အတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြောက်ဘက် ကိုးနဝင်းဓာတုစေတီ၊ ရန်ပြေမာန်ပြေဘုရားကြီး၊ အရှေ့ဘက် ကိုးနဝင်းဓာတုစေတီ၊ ဗဟိုကိုးနဝင်း ဓာတုစေတီ၊ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီး၊ ရှင်ကလေးစေတီ၊ မဟာဇေယျသိဒ္ဓိစေတီဘုရားများသိမ်၊ ရန်အောင်မြင်ဓာတု ကိုးနဝင်းစေတီ၊ လက်ဝဲသလုံးတော်စေတီတို့သို့ရောက်ရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူပြုပြင်ပေးရမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဗဟိုကိုးနဝင်း ဓာတုစေတီ၊ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးနှင့် လက်ဝဲသလုံးတော်စေတီတော်အတွက် အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စစ်တွေဆိပ်ကမ်း၌ မိုခါသဘာဝဘေးပြန်လည်ထူထောင်ရေးအတွက် စားရေရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ သင်္ဘောဖြင့် ထပ်မံရောက်ရှိလာမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ကော်မတီ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## Asian Academy Creative Awards Masterclass နှင့် Producers Summit သို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အရာထမ်း၊ အမှုထမ်းများ အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်



နေပြည်တော် ဇူလိုင် ၂၆

Elevate Broadcast မှ ဦးဆောင်ကျင်းပသည့် Asian Academy Creative Awards Masterclass နှင့် Producers Summit 2023 ကို ယနေ့နံနက် ၈ နာရီတွင် အွန်လိုင်းဖြင့် ပြုလုပ်ရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အယ်ဒီတာများ၊ သတင်းထောက်များ၊ အစီအစဉ်ထုတ်လုပ်ရေးမှူးများနှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူ အရာထမ်း/အမှုထမ်း ခုနစ်ဦးတို့သည် နေပြည်တော်(တပ်ကုန်း)နှင့် ရန်ကုန်တို့မှ ပါဝင်တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ခေတ်ရေစီးကြောင်းနှင့်အညီ ဇာတ်ညွှန်းများပြောင်းလဲရေးသားတတ်စေရန်၊ အနာဂတ်တွင် ခေတ်စားလာနိုင်သည့် နိုင်ငံတကာမှ တွဲဖက်ထုတ်လုပ်သော TV နှင့် ရုပ်ရှင်များအကြောင်း၊ အနာဂတ်တွင် ဆက်လက်ခေတ်စားလာမည့် ကိုရီးယား Content များအကြောင်း၊ AI နည်းပညာနှင့် Copyright၊ AI နည်းပညာကြောင့် TV နှင့် ရုပ်ရှင်ထုတ်လုပ်မှုကို ပြောင်းလဲနိုင်မှုနှင့် AI နည်းပညာ၏ ဆင့်ကဲတိုးတက်မှုဖြစ်စဉ်၊ ရုပ်ရှင်နှင့် TV ဂေဟစနစ်၊ VFX in TV & Film နှင့် Virtual Production၊ Grand Final Award တွင် Winner ဆုရှင်များ၏ အကောင်းဆုံးဟာသအစီအစဉ်၊ ဇာတ်ပို့၊ အသံ၊ ဖျော်ဖြေရေးအစီအစဉ်၊ Best Lifestyle Programme များအပေါ် လေ့လာတွေ့ရှိချက်များကို နိုင်ငံတကာမှကျွမ်းကျင်ပညာရှင်များက ဆွေးနွေးကြပြီး ဇူလိုင် ၂၇ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

Elevate Broadcast သည် Asian Academy Creative Awards (AACA) ကို နှစ်စဉ်ကျင်းပလေ့ရှိရာ ယင်း Asian Academy Creative Awards သည် ဩစတြေးလျနှင့် နယူးဇီလန်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ တရုတ်(ဟောင်ကောင်)၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တောင်ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ ထိုင်းနှင့် ဗီယက်နမ်တို့မှ ဆန်းသစ်တီထွင်ထားသည့် ရုပ်သံဗီဒီယိုလက်ရာများကို ဂုဏ်ပြုပေးအပ်သည့် ဖန်တီးမှုဆိုင်ရာဆုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုင်းတုံမြို့၌ ကျောင်းဆောင်သစ်သုံးဆောင်နှင့် သင်ထောက်ကူပစ္စည်းများ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

ကျိုင်းတုံ ဇူလိုင် ၂၆

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် နားကော်ကျေးရွာ အမက(ခွဲ)၊ နားပေါ်ကျေးရွာ အမကနှင့် နောင်တောင်းကျေးရွာ အမကတို့မှ ကျောင်းဆောင်သစ်သုံးဆောင်နှင့် သင်ထောက်ကူပစ္စည်းများ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက ကျိုင်းတုံမြို့နယ် ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ကျိုင်းတုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်းမောင်မောင်၊ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟဇော်နှင့် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း စေတနာအဖွဲ့(NGO)မှ Project Director ဒေါ်အေးအေးသန်းတို့က အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း စေတနာအဖွဲ့မှ တာဝန်ရှိသူများက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းထွေးခင်က လက်ခံရယူသည်။

ထို့နောက် အမက(ခွဲ) နားကော်၊ အမကနားပေါ်နှင့် အမကနောင်တောင်းကျောင်း တည်ဆောက်ရေး အဖွဲ့ဝင်များက "ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်း စီမံကိန်း"အဖြစ် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းအဖွဲ့၏ ရန်ပုံငွေကျပ်သိန်း ၃၀၀၀ ကျော်ထောက်ပံ့ကူညီမှုဖြင့် အကောင်အထည်ဖော်ကူညီပါဝင် ဆောင်ရွက်ပေးသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စေတနာအဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## "ဟာသမြို့တော်" ရယ်စရာ စင်တင်ဟာသ တစ်ခန်းရပ်အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၂၆

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ "ဟာသမြို့တော်" ရယ်စရာ စင်တင်ဟာသ တစ်ခန်းရပ်အစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိသည်။

"ဟာသမြို့တော်" ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက် စီစဉ်ပြီး "တို့ရွာအားကစားပွဲ" ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်ရာ အကယ်ဒမီအောင်ခိုင်၊ စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ချမ်းမြေ့၊ မတူး၊ ကြူကြူသင်းနှင့် ရဲလေးမတို့က ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို MRTV-HD Channel မှ ဇူလိုင် ၂၉ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဩဂုတ် ၂ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ခနုဖြူမြို့နယ်၌ သွင်းအားစုမြေဩဇာများ ပေးအပ်ပွဲ ကျင်းပ

ခနုဖြူ ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး ခနုဖြူမြို့နယ်တွင် မိုးစပါး တစ်ဧက ၁၀၀ တင်းနှုန်း ပိုမိုထွက်ရှိရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်တောင်သူများသို့ သွင်းအားစုမြေဩဇာများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအေးကိုတင့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိန်မောင်ဝင်းတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းနိုင်က သွင်းအားစုများပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ခနုဖြူမြို့နယ်အတွင်းရှိ မိုးစပါးတွင် သွင်းအားစု ရယူစိုက်ပျိုးမည့် တောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# ကျောက်ဆည်ခရိုင်၌ ပက်ကြဲစနစ်ဖြင့် မိုးစပါးများ စိုက်ပျိုး

**ကျောက်ဆည် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် မိုးစပါး စိုက်ဧက ၁၅၃၁၄ ဧက စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း၊ ယခုအချိန်တွင် မိုးစပါးစိုက်ပျိုးရန်အတွက် ပျိုးထောင်လျက်ရှိပြီး ပက်ကြဲစနစ်များဖြင့်လည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မိုးစပါးများ စိုက်ပျိုးရာတွင် ပက်ကြဲစနစ်ဖြင့် တစ်ဧကလျှင် စပါးတစ်တင်းနှင့် လေးပြည်ကုန်ကျပြီး ပျိုးထောင်စိုက်ပျိုးစနစ်ဖြင့် တစ်ဧကလျှင် စပါးနှစ်တင်းနှုန်းကုန်ကျကာ ပျိုးထောင်စရိတ်အနေဖြင့် ငွေကျပ် ၁၀၀၀၀၀ ခန့် ကုန်ကျသည်။

**အများဆုံးစိုက်ပျိုးလာ**

ထို့ပြင် ပက်ကြဲစိုက်ပျိုးမှုတွင် ပျိုးထောင်စိုက်ပျိုးမှုထက် ကုန်ကျစရိတ် ငွေကျပ် ၂၀၀၀၀၀ ကျော်ခန့် သက်သာသောကြောင့် တောင်သူအများစုမှာ ပက်ကြဲစနစ်ကို အများဆုံးစိုက်ပျိုးလာကြကြောင်း၊ အထွက်နှုန်းအနေဖြင့် ကောက်စိုက်စနစ်တွင် တစ်ဧက တင်း ၆၀ အထက်ထွက်ရှိကြောင်း၊ ပက်ကြဲစနစ်တွင် ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းအနည်းငယ်လျော့နည်းကြောင်း၊ ယခုနှစ်တွင် မိုးရွာသွန်းမှုအားကောင်းသောကြောင့် မြစ်ရေ၊ ဆည်ရေများဖြင့် ပက်ကြဲစနစ်အသုံးပြုကာ မိုးစပါးများ စိုက်ပျိုးလျက်ရှိကြောင်း၊ ဧကနည်းသော တောင်သူများမှာ ကုန်ကျစရိတ်မသိသာသော်လည်း စိုက်ပျိုးမှုများသော တောင်သူများမှာ ကုန်ကျစရိတ် အလွန်ပင်သက်သာ၍ ပက်ကြဲစနစ် မိုးစပါးများကို အများဆုံးစိုက်ပျိုးလာကြကြောင်း သိရသည်။

# လွယ်ဂျယ်နယ်စပ် ကုန်စည်စီးဆင်းမှု အခြေအနေ

**လွယ်ဂျယ် ဇူလိုင် ၂၆**

လွယ်ဂျယ်ကုန်သွယ်ရေးစခန်း အနေဖြင့် ဇူလိုင် ၂၄ ရက်မှ ၂၅ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန်တန်ချိန် ၆၄ ဒသမ ၅၀ နှင့် ဆန်ကွဲ ၆၇ တန် တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် ဆန်တစ်တန်လျှင် ၄၆၉ ဒေါ်လာ၊ ဆန်ကွဲ တစ်တန်လျှင် ၄၀၈ ဒေါ်လာ၊ တစ်သျှူးငှက်ပျော တစ်တန်လျှင် ၃၃၄ ဒေါ်လာ၊ ပြောင်းတစ်တန်လျှင် ဒေါ်လာ ၃၁၀ နှင့် ကြိမ်တစ်တန်လျှင် ဒေါ်လာ ၆၀၀၊ ပဲတီစိမ်းတစ်တန်လျှင် ဒေါ်လာ ၆၆၀၊ မြေထောက်ပဲတစ်တန်လျှင် ၁၄၈၄ ဒေါ်လာနှင့် Aluminium Ingot တစ်တန်လျှင် ၁၇၅၂ ဒေါ်လာဖြစ်ကြောင်း သိရသည်။

**အများဆုံး တင်သွင်းနိုင်ခဲ့**

ယခုပတ်အတွင်း သွင်းကုန်ပိုင်းအနေဖြင့် စက္ကူလိပ်ခုနစ်တန်၊ ပိတ်လိပ်တန်ချိန် ၇၅ ဒသမ ၂၀၊ ချည်တန်ချိန် ၁၁ ဒသမ ၈၀၊ သွပ်ပြားတန်ချိန် ၁၅ ဒသမ ၅၀၊ ပလတ်စတစ်ဖျာ တန် ၃၀ နှင့် ကုန်စုံ ၉၆ ဒသမ ၃၅ တန် အများဆုံး တင်သွင်းနိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်း ဈေးနှုန်းများအနေဖြင့် ချည် တစ်တန်လျှင် ၆၇၅ ဒေါ်လာ၊ သွပ်ပြား တစ်တန်လျှင် ဒေါ်လာ ၇၀၀၊ ပိတ်လိပ် တစ်တန်လျှင် ဒေါ်လာ ၆၀၀၊ စက္ကူလိပ် တစ်တန်လျှင် ဒေါ်လာ ၃၅၀၊ ဓာတ်မြေဩဇာ (Organic Fertilizer) တစ်တန်လျှင် ဒေါ်လာ ၂၅၀၊ ဓာတ်မြေဩဇာ (Compound Fertilizer) တစ်တန်လျှင် ၃၉၈ ဒေါ်လာ၊ ထွန်စက်တစ်စီးလျှင် ဒေါ်လာ ၄၀၀၀၊ ပီနံအိတ်တစ်တန်လျှင် ၇၉၇ ဒေါ်လာ၊ ရိတ်သိမ်းခြွေလှေ့စက် တစ်စီးလျှင် ဒေါ်လာ ၇၂၀၀ ဖြစ်ကြောင်း သိရသည်။

# ကွမ်းသီး ဈေးနှုန်းဈေးကွက်

**တောင်ငူ ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီးတွင် ကွမ်းသီးစိုက်ဧက ၂၀၀၀ ကျော်ရှိသည့်အနက် တောင်ငူခရိုင်၌ ကွမ်းသီးစိုက်ဧက ၁၀၀၀ ကျော် စိုက်ပျိုးလျက်ရှိပြီး တောင်ငူခရိုင်နှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော ကရင်ပြည်နယ် သံတောင်ကြီးဒေသတွင် ကွမ်းသီးစိုက်ဧက ၅၈၇၇ ဧကခန့်ဖြင့် အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**တင်ပို့ရောင်းချ**

အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ကွမ်းသီး ၃၁၃ ပိဿာခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်ငူခရိုင်အတွင်းနှင့် သံတောင်ကြီးဒေသမှ ထွက်ရှိသော ကွမ်းသီးများကို တောင်ငူမြို့ရှိ ပွဲရုံများသို့ အဓိက တင်သွင်းပြီး တောင်ငူမြို့မှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြောင်း၊ ယခင်နှစ်၌ သံတောင်ကြီးဒေသမှ တောင်ငူပွဲရုံအရောက် ဈေးနှုန်းမှာ ကွမ်းသီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ရှိခဲ့ပြီး ယခုနှစ်၌ သံတောင်ကြီးဒေသမှ တောင်ငူပွဲရုံအရောက်ဈေးနှုန်းမှာ ကွမ်းသီးတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးနှုန်းမြင့်တက်လာရခြင်းမှာ သယ်ယူပို့ဆောင်ခနှုန်းထားများ၊ လုပ်သားခများနှင့် အခြားကုန်ကျစရိတ်များ မြင့်တက်လာခြင်းတို့ကြောင့် ပွဲရုံများမှ တောင်သူများ တွက်ခြေကိုက်သည့် ဈေးနှုန်းများဖြင့် ဈေးနှုန်းတိုးမြှင့် ဝယ်ယူလာခြင်းဖြစ်ကြောင်း သိရသည်။



## သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

### ၂၆.၇.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နှမ်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၅၀၀ | | ၁၃၀၀၀ | ၈၇၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၃၅၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၂၀၀ | ၅၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၈၀၀ | ၈၀၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၄၀၀ | | ၁၆၀၀၀ | ၈၂၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၃၀၀ | ၈၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၂၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၀၀ | ၉၀၀၀ | ၈၀၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၃၈၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၇၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၁၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၀၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၅၀၀ | | ၁၇၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၈၀၀၀ | ၅၀၀ | ၈၃၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၂၉၀၀ | | ၁၅၀၀၀ | ၆၈၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၉၄၀၀ | ၉၀၀၀ | ၄၃၀၀ | ၈၂၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၉၀၀ | ၃၆၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၉၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၅၅၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | ၃၄၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၈၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၆၀၀ | ၈၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၃၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၂၅၀ | | ၁၃၅၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၂၃၀၀ | ၆၅၀၀ | ၈၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၃၆၀၀ | ၂၇၀၀ | ၁၃၅၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၈၀၀ | ၉၃၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၁၃၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၅၀၀ | ၆၅၀ | ၇၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၂၅၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၄၀၀၀ | ၈၃၀၀ | ၂၅၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၇၅၀ | | ၁၄၅၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၇၂၀၀ | | ၉၀၀၀ | ၄၅၀ | ၇၈၀၀ | ၆၂၀၀ | ၂၉၀၀ | ၂၈၀၀ | ၃၆၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၆၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၂၀၀ | | ၁၄၄၀၀ | ၆၈၀၀ | ၁၈၀၀၀ | ၂၄၀၀ | ၇၂၀၀ | ၇၅၀၀ | ၄၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၄၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ |
| ၂၁ | နေပြည်တော် | ၃၂၀၀ | | ၁၅၀၀၀ | ၆၈၀၀ | ၁၈၅၀၀ | ၂၅၀၀ | ၇၅၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၅၀၀ | ၇၂၀၀ | ၅၈၀၀ | ၄၂၀၀ | ၃၀၀၀ | ၃၄၀၀ | ၁၁၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၅၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၈၇၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် မော်လမြိုင်တွင် ၁၅၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် ဘားအံတွင် ၇၀၀ကျပ် ပြည်တွင် ၅၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျိုင်းတုံ၊ ပုသိမ်နှင့်မုံရွာတွင် ၂၀၀ကျပ်၊ တောင်ကြီးနှင့်ပခုက္ကူတွင် ၅၀၀ကျပ်၊ ပဲခူးတွင် ၆၀၀ကျပ်၊ ပျဉ်းမနားနှင့်နေပြည်တော်တွင် ၁၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လားရှိုးနှင့်ပခုက္ကူတွင် ၅၀၀ကျပ်၊ မြိတ်တွင် ၂၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ပခုက္ကူတွင် ၅၀၀ကျပ်၊ ဆား တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀ကျပ်၊ မြေပဲ တစ်ပိဿာလျှင်မုံရွာတွင် ၉၀၀ကျပ်၊ ကုလားပဲ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ငရုတ်ခြောက် တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀၀ကျပ်၊ ကုလားပဲ တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀ကျပ် ဈေးကျခဲ့ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ သိင်္ဂီ(၁)လမ်း၊ မြေကွက်အမှတ်(၄၄/ခ)၊ မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ (၀.၀၂၇)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ယခုရောင်းချသူများဖြစ်သော (၁) ဒေါ်ပြုံး[၁၂/သကတ(နိုင်) ၀၆၀၃၅၅]၊ (၂)ဒေါ်စန်းစန်းကြည်[၁၂/သကတ(နိုင်)၀၃၅၉၁၇](၃)ဦးညွန့်ဝေ [၁၂/သကတ(နိုင်)၁၄၃၁၆၀](၄)ဒေါ်နီလာဝင်း[၁၂/သကတ(နိုင်)၀၁၁၂၈၇](၅)ဦးဇေယျာမင်းထွေး[၁၂/သကတ(နိုင်)၁၃၀၅၉၁] တို့အမည်ဖြင့် မှတ်သားတည်ရှိပြီး မိမိတို့ကိုယ်တိုင် တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းချသည့် တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇင်မီမီစိုး**
**အထက်တန်းရှေ့နေ**
**(LL.B,D.M.L)(စဉ်–၄၁၄၀၀)**
**Ph:09–796766946,09–405100500**
**No.450,Zar Ni–12 street, 9 Ward, South Okkalapa Township,Yangon.**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဇေယျသုခလမ်းနှင့် အောင်တံခွန်လမ်းထောင့်၊ တိုက်အမှတ်(၁၀၅/၁၀၇)၊ (၆)ခန်းတွဲ(၈)ထပ်တိုက်၏ ၇–လွှာ၊ အခန်းအမှတ် (7F)၊ အကျယ်အဝန်း (၁၂၅၅) စတုရန်းပေရှိ (ဇေယျသုခကွန်ဒို)ဟု ခေါ်တွင်သော ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ယခုရောင်းချသူ ဦးဖြိုးမောင်မောင် (၁၂/သဃက(နိုင်)၁၈၄၀၈၄) သည် နှစ်ဦးသဘောတူအရောင်းအဝယ် အဆက်စပ်စာချုပ်များဖြင့် မိမိကိုယ်တိုင် တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွတ်လပ်စွာရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေက ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရံငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ – **ဒေါ်ဇင်မီမီစိုး (LL.B, D.M.L) (စဉ်–၄၁၄၀၀)**
အထက်တန်းရှေ့နေ
ဖုန်း–၀၉၄၃၁၂၄၈၉၈၊ ၀၉–၄၀၅၁၀၀၅၀၀
အမှတ် (၄၅၀)၊ ၉–ရပ်ကွက်၊ ဇာနည်(၁၂)လမ်း၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

## ပျောက်ဆုံးကြောင်း

ဦးဇေယျာဟိန်း[၁၂/ကမတ(နိုင်)၀၆၆၆၇၁] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်–MA–234018 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09–795388775**

## ပျောက်ဆုံးကြောင်း

မသီသီမွန်[၁၄/ငပတ(နိုင်)၂၄၆၃၇၈] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် (MD–252771)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09–796062040**

## ပျောက်ဆုံးကြောင်း

ဒေါ်သက်သက်မွန် [၈/မကန(နိုင်)၂၃၉၅၂၆] ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ် MC–405992 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09–751228054**

## ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ (၃၈)လမ်း (အောက်ဘက်)၊ အမှတ်–(၅၇)၊ မြေကွက်အကျယ်အဝန်း (၄၂ပေx၅၇ ၁/၂ ပေ)ရှိ နှစ်(၉၀)မြေငှား ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ May Fair Inn (၂)ထပ်တိုက် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်အရပ်အားလုံးတို့နှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

အထက်တွင် ဖော်ပြထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ May Fair Inn (၂) ထပ်တိုက် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်အရပ်အားလုံးတို့သည် အစ္စလာမ်ဘာသာဝင်အမွေရှင် ဦးဇော်ဝင်း ကျန်ရစ်ခဲ့သော အမွေပစ္စည်းဖြစ်ပါသည်။ အမွေရှင် ဦးဇော်ဝင်း ကွယ်လွန်သွားချိန်တွင် ဇနီးဖြစ်သူဒေါက်တာမေတင်မောင်၊ သား ဦးလင်းအောင်ဇော် သမီး ဒေါ်မေစုလှိုင်ဇော် @ July Moe၊ သား ဦးလင်းနောင်ဇော် @ Alexander Linn တို့ ကျန်ရစ်ခဲ့ပါသည်။

အထက်တွင် ဖော်ပြထားသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ May Fair Inn(၂)ထပ်တိုက်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်အရပ်အားလုံးတို့နှင့် စပ်လျဉ်း၍ အစ္စလာမ်ဘာသာတရားဥပဒေနှင့်အညီ အမွေခွဲဝေဆောင်ရွက်ခြင်း မပြုရသေးမီကာလအတွင်း အမွေခံဇနီးဖြစ်သူ ဒေါက်တာမေတင်မောင်၏ သဘောတူခွင့်ပြုချက်မရရှိဘဲ စီမံခန့်ခွဲမှု ပြုလုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ ပေးကမ်းခြင်း လှူဒါန်းခြင်းများ မပြုလုပ်ကြရန်နှင့် အများပြည်သူအနေဖြင့်လည်း အထက်တွင် ဖော်ပြထားသော မြေကွက်နှင့်(၂)ထပ်တိုက် အဆောက်အဦနှင့် ပတ်သက်၍ ဝယ်ယူခြင်း၊ ပေါင်နှံခံခြင်းများ၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်းများ မပြုလုပ်ကြရန် အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်းနှင့် ပြုလုပ်သူအား တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါက်တာမေတင်မောင်**
**[၁၂/ကမရ(နိုင်)၀၂၈၆၈၂]**
**အမှတ်–၁၁/၁၃၊ အခန်း–(၃၀၅)၊ Sevilla Residence၊ အနောက်ရွှေဂုံတိုင်(၄)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:09–5038420**

## "မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ အသင်းသူ အသင်းသားများနှင့် အများသိစေရန်ကြေညာခြင်း"

၁။ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းမှ အသင်းဝင်အချို့သည် အသင်း၏ဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ ဒုဥက္ကဋ္ဌ(၃)ဦးသိန်းလှညို၊ တွဲဖက်အထွေထွေအတွင်းရေးမှူး(၁)ဒေါ်မိုးမိုးထွန်းတို့၏ တရားဝင်တည်ရှိမှုနှင့် ဂုဏ်သိက္ခာကို ထိခိုက်ဆန့်ကျင်စေခဲ့သော လုပ်ဆောင်ချက်၊ ကြေညာချက်တို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ကြပါသည်။ သို့ရာတွင် ၎င်းတို့၏ အဆိုပါဆောင်ရွက်ချက်မှန်သမျှတို့သည် အကြောင်းခြင်းရာအနေဖြင့် မှန်ကန်မှုမရှိခြင်း၊ တည်ဆဲဥပဒေအရပ်ရပ်တို့နှင့် ညီညွတ်မှုမရှိခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(DICA)မှ တာဝန်ရှိသူများက ၎င်းတို့ဌာန၏ မှတ်ပုံတင်စာရင်းတွင် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)၏ ဥက္ကဋ္ဌဦးခင်မောင်သန်း၊ ဒုဥက္ကဋ္ဌ(၃) ဦးသိန်းလှညို၊ တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) ဒေါ်မိုးမိုးထွန်းတို့ကို အသင်း၏တာဝန်ရှိသူများအနေဖြင့် ယခင်အတိုင်း တရားဝင်ဆက်လက် တည်ရှိစေခဲ့ပြီးဖြစ်ပါသည်။

၂။ ထို့ကြောင့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)၏ ဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ ဒုဥက္ကဋ္ဌ(၃) ဦးသိန်းလှညို၊ တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) ဒေါ်မိုးမိုးထွန်းတို့သည် အသင်း၏ တာဝန်ရှိသူများအဖြစ် တရားဝင် ဆက်လက်တည်ရှိနေပြီး အသင်း၏ကောင်းကျိုးအဖြာဖြာကိုလည်း ယခင်အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိနေပါကြောင်း အသင်းသူအသင်းသားများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

၃။ သို့ပါ၍ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)၏ ဥက္ကဋ္ဌဦးခင်မောင်သန်း၊ ဒုဥက္ကဋ္ဌ(၃) ဦးသိန်းလှညို၊ တွဲဖက်အထွေထွေအတွင်းရေးမှူး(၁)ဒေါ်မိုးမိုးထွန်းတို့၏ ဂုဏ်သိက္ခာနှင့် တရားဝင်တည်ရှိမှုအပေါ် ဆန့်ကျင်ထိခိုက်စေခဲ့သော မည်သည့်လုပ်ဆောင်ချက်၊ ထုတ်ပြန်ကြေညာချက်မဆို တရားဝင်အကျိုးသက်ရောက်မှုမရှိသောကြောင့် လိုက်နာကြရန်မလိုပါကြောင်းနှင့် နောင်တွင်မည်သူမဆို မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှု အသင်း(ဗဟို)၏ အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်းသော တရားဝင်တည်ရှိမှုနှင့် ဂုဏ်သိက္ခာအပေါ် ဆန့်ကျင်သည့် ဆောင်ရွက်ချက်မှန်သမျှကို ပြောဆို၊ ပြုလုပ်၊ ကြေညာပါက တည်ဆဲဥပဒေနှင့်အညီ လိုအပ်သလို ထိရောက်စွာ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း အသင်းသူ အသင်းသားများနှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

**တာဝန်ရှိသူများ၏ လွှဲအပ်တာဝန်ပေးချက်အရ–**
**ဦးသက်ကိုကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၇၆၄/၂၀၁၉)**
**အမှတ်(၇၀၁)၊ မြရတနာ(၅)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၈၇၉၄၄၉၂၇၊ ၀၉–၉၄၅၆၀၈၀၀၀၀**

## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညီညီအောင်[၁၂/မဂဒ(နိုင်)၁၁၄၆၄]၊ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညီညီအောင်သည် သက်ဆိုင်သူအသီးသီးနှင့် အကျိုးတူပူးပေါင်း၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများကို လက်တွဲလုပ်ဆောင်ခဲ့ပါသည်။ ထိုသို့ လက်တွဲလုပ်ဆောင်ရာတွင် သက်ဆိုင်သူ အသီးသီး၏ အကျိုးစီးပွားအမြတ်များရရှိအောင်လည်း ယခင်က ဆောင်ရွက်ပေးခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညီညီအောင်အနေဖြင့် ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အဆင်မပြေမှုလေးများ အခိုက်အတန့်ရှိနေသည့်အတွက် အကျိုးတူပူးပေါင်း လုပ်ဆောင်သူများနှင့် စာရင်းရှင်းလင်းပေးရန်ရှိသည်များကို အကျိုးတူပူးပေါင်းလုပ်ဆောင်သူများ ထိခိုက်နစ်နာမှုမရှိစေရန် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်း၏ပြောကြားချက်များအရ သိရှိရပါသည်။

ဒေါ်ညီညီအောင်အနေဖြင့် စာရင်းရှင်းလင်းဆောင်ရွက်ပေးရန် လိုအပ်သည့် အကျိုးတူ ပူးပေါင်းလုပ်ဆောင်သူများအား စာရင်းရှင်းလင်းဆောင်ရွက်ပေးရန် ကိစ္စရပ်များ ပြီးမြောက်အောင် လုပ်ဆောင်နိုင်ရန်အတွက် ရက်ပေါင်း(၁၈၀)၊ လအားဖြင့်(၆)လ အချိန်လိုအပ်နေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်သူများအနေဖြင့် ဒေါ်ညီညီအောင်ဘက်မှ စာရင်းများ ရှင်းလင်းဆောင်ရွက်ပေးရန် လိုအပ်သည့် ရက်ပေါင်း(၁၈၀)၊ လအားဖြင့် (၆)လ အချိန်အား သည်းခံစောင့်ဆိုင်းပေးပါရန်နှင့် ထိုအချိန်ကာလအတွင်း သက်ဆိုင်သူများမှ စောင့်ဆိုင်းရသည့် ကာလအတွင်း ခိုင်မာသော ခံဝန်ကတိ စာချုပ်စာတမ်းများ ပြုလုပ်ထားလိုပါကလည်း ကျွန်ုပ်မိတ်ဆွေ ဒေါ်ညီညီအောင်ဘက်မှ သက်ဆိုင်သူ အသီးသီးနှင့် ညှိနှိုင်း၍ ၎င်းဆောင်ရွက်ပေးနိုင်မည့် အနေအထားအလိုက် ညှိနှိုင်းလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်းကိုလည်း ၎င်း၏ ပြောကြားချက်အရ သက်ဆိုင်သူများအား သိစေလိုပါသည်။ ထိုကဲ့သို့ ဒေါ်ညီညီအောင် အနေဖြင့် သက်ဆိုင်သူများအား စာရင်းရှင်းလင်းပေးနိုင်ရန်အတွက် မေတ္တာရပ်ခံတောင်းခံထားသည့် အချိန်ကာလတစ်ခုအတွင်း ဒေါ်ညီညီအောင်နှင့်ပတ်သက်၍ ဖုန်းဖြင့်သော်လည်းကောင်း၊ လူမှုကွန်ရက် အွန်လိုင်း မီဒီယာများပေါ်တွင်လည်းကောင်း၊ Facebook အင်တာနက်စာမျက်နှာပေါ်တွင်လည်းကောင်း၊ Facebook Messenger မှသော်လည်းကောင်း၊ Viber မှ သော်လည်းကောင်း၊ ပတ်ဝန်းကျင်တွင် သော်လည်းကောင်း ဒေါ်ညီညီအောင်နှင့်တကွ ၎င်း၏ခင်ပွန်း မိဘဆွေမျိုးများ၊ မိသားစုဝင်များ၏ ဂုဏ်သိက္ခာပျက်ပြားအောင်ဆဲဆိုခြင်း၊ အရှက်ခွဲခြင်း၊ ခြိမ်းခြောက်ခြင်း၊ Facebook စာမျက်နှာများပေါ်တွင် ရေးသား၍ (post) တင်ခြင်းများအား လုံးဝ (လုံးဝ) မပြုလုပ်ကြပါရန် သက်ဆိုင်သူများအား မေတ္တာရပ်ခံကြောင်း ကြေညာအပ်ပါသည်။ ထိုသို့ မေတ္တာရပ်ခံတောင်းခံထားသည့် အချိန်ကာလအတွင်း အထက်ဖော်ပြပါ မပြုလုပ်ပါရန် မေတ္တာရပ်ခံထားသည့် အကြောင်းအရာများအား ပြုလုပ်ခဲ့ပါက ထိုသို့ ပြုလုပ်သူများအား ဒေါ်ညီညီအောင် အနေဖြင့် မလွှဲမရှောင်သာဘဲ တရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ညီညီအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပွင့်ဖြူသင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၁၁၃)**
**အမှတ်(၃၇၉)၊ သုမန(၂)လမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၅၀၄၀၈၂၄၇**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာ၊ ပြည်တော်သာရပ်ကွက်၊ လှော်ကားဥယျာဉ်လမ်းမကြီး၊ အကျယ်အဝန်း (၂၃x၉၀)ပေရှိ ရွာမြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်(၂)လုံးနှင့် မီတာ(၁)လုံး(အပါအဝင်)တို့၏ အကျိုးခံစားခွင့်အရပ်ရပ်။

အထက်ပါ ရွာမြေအမျိုးအစား မြေနှင့်အိမ်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူ (၁) ဦးကျော်လွင် [၁၂/အစန(နိုင်)၁၁၄၃၉၉]၊ (၂) ဦးသန်းနိုင် [၁၂/ရပသ(နိုင်)၀၁၀၅၉၃] နှင့် (၃) ဒေါ်စန်းစန်းမူ [၁၂/အစန(နိုင်)၁၁၂၀၃၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်စုစုထွေး၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်း (LL.B) (D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၈၉၇)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၅၂၈၆၀၄၂၊ ၀၉–၇၆၀၈၁၁၇၇၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ရွှေနံ့သာစံပြ၊
(က) မြေကွက်အမှတ် – ၄၀၀၊ ဧရိယာ(၅၂၀၀) စတုရန်းပေ၊
(ခ)မြေကွက် အမှတ်–၄၀၂၊ ဧရိယာ(၅၂၀၀) စတုရန်းပေ၊

မြေအမျိုးအစား– နှစ် (၆၀) မြေငှား ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၄၀၀ + ၄၀၂)၊ ကံ့ကော်လမ်းနှင့် ၁၂–လမ်းထောင့်၊ ရွှေနံ့သာစံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေကွက်(၂)ကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးမင်းအောင် [၁၂/မဂဒ(နိုင်)၀၀၀၅၂၈]က မိမိတစ်ဦး တည်း ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင် ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဟိန်းစိုး** | **ဦးသန်းဦး** |
| **အထက်တန်းရှေ့နေ (စဉ်–၄၈၉၃၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၈၇၅)** |

**အမှတ်(၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုတရားလွှတ်တော်ချုပ်
# ကြော်ငြာစာအမှတ် ( ၁ / ၂၀၂၃ )
# လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် လက်အောက်ရှိ တရားရုံးအသီးသီးတွင် လစာနှုန်းကျပ် ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ ရရှိသော တရားရေးဝန်ထမ်းအဆင့် (၄) (ဒုတိယမြို့နယ် တရားသူကြီးအဆင့်) ရာထူးနေရာ ၈၀ (ကျား ၄၀ + မ ၄၀) လစ်လပ်လျက်ရှိပါသဖြင့် ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အဆိုပါရာထူးနေရာကို လျှောက်ထားလိုသူများအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ လျှောက်ထားသူသည် –

- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အနိမ့်ဆုံး ဥပဒေဘွဲ့ (အယ်လ်အယ်လ်ဘီဘွဲ့) ရရှိပြီးသူ ဖြစ်ရမည်။
- (ဂ) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဃ) ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
- (င) ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် (၂၈)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ မဟာဥပဒေဘွဲ့ ရရှိသူဖြစ်ပါက အသက် (၃၀)နှစ်ထက်မကြီးသူ ဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက် (၃၀)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
- (စ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါ ဘာသာရပ် (၄)ခုကိုဖြေဆိုရမည်–

- (က) မြန်မာစာ
- (ခ) အင်္ဂလိပ်စာ
- (ဂ) အထွေထွေဗဟုသုတ
- (ဃ) ဥပဒေဘာသာရပ်
  (၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ အထူးနှင့်အထွေထွေဥပဒေ၊ တရားမ ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ)

၄။ စာမေးပွဲဝင်ကြေး ၁၀၀၀ ကျပ် (ကျပ်တစ်ထောင်တိတိ)ကို မြို့နယ်များမှ လျှောက်ထားသူများသည် မိမိတို့မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးခွဲ)များတွင် ဘဏ်ငွေလွှဲလက်မှတ် ပြုလုပ်၍ လက်ထောက်အထွေထွေမန်နေဂျာ၊ နေပြည်တော်ဘဏ် (အမ်ဒီ–၀၁၀၂၅၉)သို့ ပေးသွင်းရပါမည် သို့မဟုတ် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် (အမ်ဒီ–၀၁၀၂၅၉) သို့လည်း ပေးသွင်းနိုင်ပါသည်။

၅။ လျှောက်လွှာတွင် လိပ်စာအပြည့်အစုံ (စာတိုက်အမည်ပါ) ဖော်ပြ၍ လျှောက်လွှာနှင့်အတူ–

- (က) ဝင်ကြေးငွေပေးသွင်းသည့် ငွေသွင်းပြေစာလက်ခံမူရင်း (သို့မဟုတ်) ချလန်မူရင်း
- (ခ) ပညာအရည်အချင်းလက်မှတ်မိတ္တူမှန်၊ (စစ်ဆေးသည့်အခါမူရင်းတင်ပြနိုင်ရမည်)
- (ဂ) အမှတ်စာရင်းမိတ္တူမှန်၊
- (ဃ) အသက်အတွက် တက္ကသိုလ်ဝင်လက်မှတ်မိတ္တူမှန် (သို့မဟုတ်) အခြေခံပညာ အထက်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူမှန် (စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်)
- (င) လူမှုရေးဆောင်ရွက်ချက်အကျဉ်းချုပ်နှင့် ဓာတ်ပုံ (၁) ပုံ၊
- (စ) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိ တစ်ဦးထံမှ (၂၇–၇–၂၀၂၃)ရက်နေ့ နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက် မူရင်း
- (ဆ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူမှန်တို့ ပူးတွဲပါရှိရမည်။

၆။ လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ လျှောက်လွှာပုံစံများကို တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၌ စာမေးပွဲဝင်ကြေးငွေ ပေးသွင်းပြီးဖြစ်ကြောင်း ဘဏ်ငွေလွှဲလက်မှတ် (သို့မဟုတ်) ချလန်ကိုပြသ၍ လျှောက်လွှာတစ်စောင်လျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ဝန်ထမ်းဖြစ်ပါက (၂)စောင်နှင့် ဝန်ထမ်း မဟုတ်သူများ (၁)စောင် ဝယ်ယူဖြည့်သွင်းလျှောက်ထားရပါမည်။

၇။ (က) ဝန်ထမ်းများသည်လျှောက်လွှာ (၁)စောင်ကို မိမိတို့ဝယ်ယူသည့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ အရောက် နောက်ဆုံးထား၍ တင်သွင်းရမည်။ ကျန်လျှောက်လွှာ (၁)စောင်ကို မိမိတို့တာဝန်ထမ်းဆောင်သည့် ဌာနဆိုင်ရာအကြီးအကဲမှတစ်ဆင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ကြိုတင်ပေးပို့ရန်ဖြစ်သည်။

(ခ) ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို မိမိတို့ဝယ်ယူသည့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အရောက် နောက်ဆုံးထား၍ တင်သွင်းရမည်။

၈။ ရေးဖြေစာမေးပွဲကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ၂၃–၉–၂၀၂၃ နှင့် ၂၄–၉–၂၀၂၃ ရက်နေ့တို့တွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်လက်မှတ်များကို ၂၁–၉–၂၀၂၃ နှင့် ၂၂–၉–၂၀၂၃ ရက်နေ့တို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းပြသ၍ အောက်ပါအတိုင်း လာရောက်ထုတ်ယူရမည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဖြေဆိုခွင့်လက်မှတ်များကို ထုတ်ပေးမည်မဟုတ်ပါ။

**စာမေးပွဲဖြေဆိုခွင့်ကတ်ပြားထုတ်ယူမည့်နေရာ**

| | |
|---|---|
| ကချင်၊ ကယား၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရှမ်း | တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် မန္တလေးမြို့ |
| ကရင်၊ တနင်္သာရီ၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ဧရာဝတီ | တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ရန်ကုန်မြို့ |

၉။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်း မပြည့်စုံလျှင်သော် လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၁၀။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုမည်ဖြစ်ပြီး ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသည့် ဆေးအဆင့်နှင့်ပြည့်စုံကြောင်း ဆေးလက်မှတ်တင်ပြနိုင်ရမည်။

၁၁။ ရွေးချယ်ခြင်းခံရပါက အနည်းဆုံး (၇)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၁၂။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း၊ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင်သော်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၃၆၃)၊ ဧရိယာ (၀.၀၆၄)ဧက၊ (၂၈၂၀)စတုရန်းပေရှိ ဒေါ်ခင်ရှိန်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ဝယ်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသူ (၁) ဦးကျော်သူဝင်း [၁၂/ဒဂတ(နိုင်)၀၀၀၄၁၇]၊ (၂) ဒေါ်သော်သော်စန္ဒရှင် [၁၂/ဒဂတ(နိုင်)၁၄၇၆၇၃]၊ (၃) ဒေါ်ပြည့်ပြည့်စန္ဒရှင် [၁၂/ဒဂတ(နိုင်)၀၄၇၈၂၀]၊ (၄) ဦးဟိန်းဇေယျာထွန်း [၁၂/ဗဟန(နိုင်)၀၉၅၁၆၃]၊ (၅) ဒေါ်ငွေငွေလှ [၁၂/ဗဟန(နိုင်)၀၁၂၆၃၃]၊ (၆) ဒေါ်မြသန္တာဝင်း [၁၂/ဗဟန(နိုင်)၀၉၅၀၆၂]တို့ထံမှ အထက်ပါမြေနှင့်အိမ်ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ (၁) ဒေါ်ဆွန်ရီဟွေ့ [၁၃/ကခန(နိုင်)၀၅၄၂၁၀]နှင့် (၂) ဦးတူးမိုင်[၁၃/ ကခန(နိုင်)၁၁၉၉၃၉]တို့က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ထိုသို့အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဦးချမ်းမြေ့လင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၀၉၄)**
**ဦးဝင်းဆွေ (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၆၁၂)**
**ဦးသန့်ဇော်လွင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၆၂၃)**
**အမှတ်(A/၁၂)၊ ပထမထပ်၊ (၁၆၂)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၀၀၂၅၈၂၇**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းဝင်းဝင်းနွဲ့ [၃/ဘအန(နိုင်)၂၂၃၀၄၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၉)၊ မြေကွက်အမှတ်(၁၂)အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ပါမစ်အမည်ပေါက် ဦးအုန်းသွင် [၁၂/သကတ(နိုင်)၁၀၇၆၈၆]ထံမှ အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားသူ ဦးထွန်းကိုကိုလတ်[၈/ရနခ(နိုင်)၀၆၉၈၇၄] မှ မိမိသာလျှင် တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါမြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦး တစ်ယောက်ထံသို့ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေထံ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ဦးထွန်းကိုကိုလတ်ထံ(စရန်ငွေ)အဖြစ် ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇–ရက်)အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်၏ အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဆုမြတ်အောင် (တရားလွှတ်တော်ရှေ့နေ)စဉ်–၈၄၅၇**
**LL.B, D.B.L, D.I.L, D.I.P.L, D.I.R, Dip in Global English PGDCWE,**
**DL-DIP (101,202,302,317) (Switzerland)**
**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း– ၀၉–၅၀၂၅၅၈၃၊ ၀၉–၉၆၅၀၂၅၅၈၃၊ ၀၉–၄၄၅၄၄၄၄၃၃**

---

## အမည်ပြောင်း

အ.မ.က(၆) မူလွန်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ Grade–7 မှ မောင်ဌန်ကူး၏ အမည်ကို မောင်ကိုကိုဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဖခင်– ဦးကျော်ကျော်မင်း**
